# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily


## အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၅၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား Video Conferencing ဖြင့် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား Video Conferencing ဖြင့် အမှာစကားပြောကြား

## သင်တန်းသားများအနေဖြင့် မိမိတို့တွေ့ရှိချက်များကို မိမိဘဝအတွက်၊ နိုင်ငံ့အတွက် အထောက်အကူရအောင် အလေးအနက်ထား၍ ဆောင်ရွက်

နေပြည်တော်  ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား Video Conferencing ဖြင့် အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

### ယနေ့ *ဖတ်စရာ*

**မော်လမြိုင်ခရိုင်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအတွက် အသင့်စားသုံးနိုင်သော စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်း**

ပြည်တွင်းသတင်း | စာ ၆

**PDF အမည်ခံအကြမ်းဖက်သမားများက ကလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခဲ့မှုနှင့် ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်**

ထုတ်ပြန်ချက် | စာ ၈

# သီးနှံနှင့် ဈေးကွက်

၂၀၁၉ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၄၅ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆက်စပ်နေသည့် လုပ်ငန်းများတွင် လုပ်ကိုင်နေကြသူများဖြစ်ကြပြီး နိုင်ငံ့စီးပွားရေးတွင် အရေးပါသူများဖြစ်ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးပြီး ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားမှသာ စိုက်ပျိုးရေးလုပ်ငန်း၊ ၎င်းနှင့်ဆက်စပ်လုပ်ငန်း စသည်တို့တွင် အဓိကဆောင်ရွက်နေကြသူများ၏ လူမှုဘဝများ တိုးတက်မြင့်မားနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးစနစ်မှာ ဈေးကွက်စီးပွားရေးဖြစ်ရာ တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်ကြရာတွင် သီးနှံဈေးကွက်ကို မျှော်မှန်း၍ စိုက်ပျိုးကြရခြင်းဖြစ်ပြီး သီးနှံပေါ်ချိန်တွင် ဖြစ်ပေါ်လာသည့် ဈေးကွက်မှ သီးနှံဈေးနှုန်းများက စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၏ အရှုံးအမြတ်ကံကြမ္မာကို ဖန်တီးသည်။ ထို့အပြင် မိုးလေဝသဖောက်ပြန်မှုနှင့် သီးနှံဖျက်ပိုးတို့ကလည်း တစ်ခါတစ်ရံ ဝင်နှောင့်တတ်သေးသည်။ မည်သို့ဆိုစေ လယ်ယာထွက်ကုန်များ ဈေးကောင်းရမှသာ တောင်သူတို့ဘဝ စိုပြည်မည်ဖြစ်သည့်အလျောက် ဈေးကွက်တွင် ဈေးကောင်းရရှိနိုင်မည့်သီးနှံကို ချိန်ဆခန့်မှန်းရွေးချယ်စိုက်ပျိုးရေး၊ ဈေးကွက်တွင် ရောင်းပန်းလှစေရန်အတွက် သီးနှံအရည်အသွေးပြည့်ဝကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်ရေးတို့ မဖြစ်မနေလိုအပ်သည်။ တောင်သူအများစုမှာ ဈေးကွက်ဝင်၊ ဈေးကောင်းရနိုင်မည့် သီးနှံကို ခန့်မှန်းရွေးချယ်ရာတွင် ယခင်နှစ်ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေတို့ကိုသာ အဓိကမူတည်ခန့်မှန်းကြခြင်းဖြစ်ရာ အမှန်တကယ်ဖြစ်သင့်သည်မှာ ယခင်နှစ်ဈေးနှုန်းသာမက ယခုနှစ် လတ်တလောဈေးနှုန်း၊ ဈေးကွက်တို့ကိုပါ ထည့်သွင်းတွက်ချက်ခန့်မှန်းခြင်းအားဖြင့် ပိုမိုနီးစပ်နိုင်မည့်အပြင် အရှုံးဖြစ်ပေါ်နိုင်သည့် စွန့်စားရမှုအခြေအနေလည်း လျော့ကျသွားနိုင်ကြောင်း ပညာရှင်တို့က အကြံပြုထားသည်။ ယခုအခါ သီးနှံများ၏ ပြည်တွင်းပြည်ပ ဈေးကွက်၊ ဈေးနှုန်းအချက်အလက်များကို အွန်လိုင်းမှတစ်ဆင့် အလွယ်တကူရရှိနိုင်ပြီဖြစ်ရာ အကျိုးရှိရှိအသုံးချခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်စေရန် အကျိုးပြုနိုင်မည်ဖြစ်သည်။

လယ်ယာထွက်ကုန်သီးနှံများ ဈေးကောင်းရရေးတွင် အရေးပါသည့် နောက်အချက်မှာ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိပါ တိုးချဲ့ရန်ဖြစ်ပြီး ယင်းအတွက် လယ်ယာထွက်ကုန်များကို အရေအတွက်အားဖြင့် ပိုမိုတိုးတက်ထုတ်လုပ်ရန်နှင့် အရည်အသွေးအားဖြင့်လည်း စံချိန်မီကောင်းမွန်ရန် လိုအပ်သည်။ ပြည်ပသို့တင်ပို့ရာတွင် သီးနှံအမျိုးအစားအလိုက် သတ်မှတ်ထားသည့် အရည်အသွေးစံချိန်စံညွှန်းများ စစ်ဆေးမှုကို ကောင်းစွာခံယူနိုင်မှသာ ဈေးကွက်ဝင်နိုင်မည်ဖြစ်ရာ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံးတွင် ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပဈေးကွက်များအတွက် မျှော်မှန်း၍ သီးနှံများစိုက်ပျိုးထုတ်လုပ်ကြရာတွင် တောင်သူတစ်ဦးချင်း မိမိတို့ဆန္ဒအလျောက် စိုက်ပျိုးဆောင်ရွက်နေကြမည့်အစား တစ်ကွင်းတစ်စပ်တည်း အစုအဖွဲ့များဖွဲ့စည်း၍ သီးနှံရွေးချယ်စိုက်ပျိုးခြင်း၊ စုပေါင်းရောင်းချခြင်းအားဖြင့် သီးနှံအရည်အသွေးနှင့် ဈေးကွက်အားသာချက်တို့ကို ရရှိနိုင်ကြောင်း အကြံပြုချက်များလည်းရှိသည်ကို တွေ့ရသည်။

လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်ဝင်၊ ဈေးကောင်းရရှိနိုင်မည့် နောက်ဆုံးအချက်မှာ MSMEs စီးပွားရေးလုပ်ငန်းများဖြင့် သီးနှံများကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြစ်သည်။ ယခုအခါ မိမိတို့နိုင်ငံရှိ ဈေးကွက်များတွင် ပတ်ဝန်းကျင်နိုင်ငံများရှိ MSMEs လုပ်ငန်းများက ထုတ်လုပ်လိုက်သည့် သီးနှံတန်ဖိုးမြှင့်ထုတ်ကုန်အမယ်များစွာကို တွေ့ရှိနိုင်ပြီး အလားတူပစ္စည်းများအားလုံး မိမိတို့နိုင်ငံတွင် ထုတ်လုပ်နိုင်သည်ကို သတိပြုကြရန်လိုသည်။ အရောင်အဆင်း၊ အနံ့အရသာနှင့် အရည်အသွေးပြည့်ဝကောင်းမွန်ပြီး ထုပ်ပိုးမှုနိုင်ငံတကာစံချိန်မီ ဆွဲဆောင်မှုရှိသည့် စားသောက်ဖွယ်ရာများစွာတို့မှာ မိမိတို့ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်သည့် သီးနှံများမှ ထုတ်လုပ်နိုင်သည့်တိုင် ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရန်လည်း လိုမည်ဖြစ်သည်။

သို့ဖြစ်ရာ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများ ဈေးကောင်းရရှိနိုင်ရန် ယခင်နှစ် ယခုနှစ်ဈေးကွက်အချက်အလက်များ ရယူခန့်မှန်းရွေးချယ်စိုက်ပျိုးရေး၊ ပြည်တွင်းမှသည် ပြည်ပဈေးကွက်များအထိ ရည်ရွယ်၍ အရည်အသွေး၊ အရေအတွက် တိုးတက်ထုတ်လုပ်ရေး၊ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းများ ထူထောင်၍ ပြည်ပဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအထိ ကြိုးပမ်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။



## အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးအတွင်း၌ သံဃာ့ဆေးကုသဆောင် နှစ်ထပ်ဆောင်သစ်ဖွင့်ပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်အထွေထွေရောဂါကု ဆေးရုံကြီးအတွင်း၌ သံဃာ့ဆေးကုသဆောင် နှစ်ထပ်ဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အင်းစိန်မြို့နယ် အဆိုပါဆေးရုံသစ်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တတိလောကာဘိဝံသ၊ ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော်ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းတို့က ဆေးကုသဆောင် နှစ်ထပ်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ လည်းကောင်း **(အပေါ်ယာပုံ)**၊ ဆရာတော်ကြီးနှစ်ပါးက ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ လည်းကောင်း ဖွင့်လှစ်ပေးကြပြီး နှစ်ထပ်ဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အောင်ဆန်းတောရ တပ်ဦးကျောင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အောင်ဆန်းဆရာတော်က မတည်ဦးဆောင်ပြီး တပည့်သံဃာ ဒါယကာ ဒါယိကာမများ စုပေါင်း၍ ဆေးရုံလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ဝမ်းမြောက်ကျေးဇူးတင်စကား လျှောက်ထားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ အခမ်းအနားကြွရောက်တော် မူလာကြကုန်သော ဆရာတော်ကြီးများအား တိုင်းဒေသကြီး ဝန်ကြီးများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အောင်ဆန်းဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာကြားပြီး သံဃာတော်များနှင့် ဧည့်ပရိသတ်များက ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ရုပ်သိမ်းလိုက်သည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"တစ်နေ့တစ်မျိုးမရိုးရတဲ့ ကောလာဟလများ"** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မရပ်တန့်နိုင်သေးတဲ့ အကြမ်းဖက်သတ်ဖြတ်မှုများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်း ကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းတို့ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံအချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့်ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ်မူတည်၍ Sun Outage ဖြစ်သော အချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် ၂၈-၂-၂၀၂၄ ရက်နေ့မှ ၅-၃-၂၀၂၄ ရက်နေ့အထိ နေ့စဉ် (၁)မိနစ်မှ (၁၈)မိနစ်ခန့်အထိ Signal ပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❑ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

**အလေးအနက်ထား၍ဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် တက်ရောက်ရန်အတွက် သင်တန်းသားများ ရွေးချယ်ရာတွင် ယခင်က တပ်မတော်အရာရှိကြီးများကိုသာ ရွေးချယ်ခဲ့သော်လည်း ယခုအချိန်တွင် အရပ်ဘက်နိုင်ငံ့ဝန်ထမ်းအရာရှိကြီးများကိုလည်း တက်ရောက်စေခဲ့ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေး စသည့် အမြင် ၄ မြင်ဖြင့် ပြည့်စုံစွာထည့်သွင်းစဉ်းစား တွက်ချက်ဆောင်ရွက်နိုင်ခြင်းမရှိပါက နိုင်ငံတော်အတွက် လိုအပ်ချက်များ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအကြီးအကဲများသည် တာဝန်ထမ်းဆောင်ရာတွင် အထက်ပါ အမြင် ၄ မြင်ဖြင့် စဉ်းစားဆောင်ရွက်တတ်ရန်လိုကြောင်း၊ သင်တန်းသားများအနေဖြင့် အချင်းချင်း ဆွေးနွေးခြင်း၊ ဖတ်ရှုလေ့လာခြင်း တို့ကို တစ်နှစ်တာကာလအတွင်း ဆွေးနွေးလေ့ကျင့်ပေးခြင်းဖြစ်သဖြင့် တန်ဖိုးရှိသည့် သင်တန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သည့် အရာရှိကြီးများဖြစ်အောင် ကြိုးပမ်းကြစေလိုကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတို့တွေ့ရှိချက်များကို မိမိဘဝအတွက်၊ နိုင်ငံ့အတွက် အထောက်အကူရအောင် အလေးအနက်ထား၍ ဆောင်ရွက်ကြရန်လိုကြောင်း။

> **“ နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာ ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များနှင့် ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ပညာတတ် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နိုင်ငံတော်အတွက် အဓိကကျသည့် နိုင်ငံရေး မောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေး မောင်းနှင်အားများ ကောင်းမွန်စေရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြောကြား ”**

**နိုင်ငံ့အကျိုးအတွက်ဆောင်ရွက်**

နိုင်ငံရေးအပိုင်းနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၏သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင် တည်တံ့ခိုင်မြဲသည့် ရေမြေပိုင်နက် နယ်နိမိတ်နှင့် ခိုင်မာသည့်သမိုင်းကြောင်းရှိသည့်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ခေတ်အလိုက် တိုးတက်မှုများရှိခဲ့သော်လည်း ခေတ်ပြိုင်နိုင်ငံများဖြစ်သည့် အခြားနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံအချို့တို့၏နောက်တွင် တဖြည်းဖြည်းကျန်ခဲ့သည်ကို တွေ့မြင်ရကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များရှိခဲ့ပြီး အတွက်အချက် ပညာရပ်နှင့် စက်မှုပညာရပ်တို့တွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မှုမရှိခဲ့ဘဲ နောက်တွင်ကျန်နေခဲ့ကြောင်း၊ ယင်းအချက်အလက်များကို အခြေခံ၍ သင်ခန်းစာဖော်ထုတ်ကာ နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ဦးစွာပြောကြားသည်။

> ❍ **နိုင်ငံရေးအပိုင်းနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၏သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင် တည်တံ့ခိုင်မြဲသည့် ရေမြေပိုင်နက်နယ်နိမိတ်နှင့် ခိုင်မာသည့်သမိုင်းကြောင်းရှိသည့် နိုင်ငံဖြစ်**
>
> ❍ **နိုင်ငံတော်အနေဖြင့် ခေတ်အလိုက် တိုးတက်မှုများရှိခဲ့သော်လည်း ခေတ်ပြိုင်နိုင်ငံများဖြစ်သည့် အခြားနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံအချို့တို့၏နောက်တွင် တဖြည်းဖြည်းကျန်ခဲ့သည်ကို တွေ့မြင်ရ**
>
> ❍ **ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များရှိခဲ့ပြီး အတွက်အချက်ပညာရပ်နှင့် စက်မှုပညာရပ်တို့တွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မှုမရှိခဲ့ဘဲ နောက်တွင်ကျန်နေခဲ့**
>
> ❍ **ယင်းအချက်အလက်များကို အခြေခံ၍ သင်ခန်းစာဖော်ထုတ်ကာ နိုင်ငံ့အကျိုးအတွက်ဆောင်ရွက်**

**အကျယ်တဝင့် ဆွေးနွေးပြောကြား**

ထို့နောက် ကိုလိုနီနယ်ချဲ့နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံ၏ သယံဇာတရင်းမြစ်များကို ရယူလိုမှုဖြင့် နယ်ချဲ့ခဲ့မှုနှင့် လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏ အားပြိုင်ခဲ့မှုအခြေအနေများ၊ ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်မှုနှင့် နိုင်ငံရေးအရ အယူဝါဒကွဲပြားမှုများကြောင့် ဖြစ်ပေါ်လာသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ၊ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလများ၌ လက်နက်ကိုင်ပဋိပက္ခများနှင့် စီးပွားရေးအယူဝါဒကွဲပြားခဲ့မှု အခြေအနေများ၊ ဆိုရှယ်လစ်စနစ်၌ စီမံခန့်ခွဲမှုအားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ အရေးအခင်းများ ဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏အခြေအနေ ယိမ်းယိုင်လာခဲ့ကာ အချုပ်အခြာအာဏာ ပြိုကွဲမည့်အခြေအနေနှင့် ရင်ဆိုင်လာခဲ့ရသဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် တည်ဆဲအစိုးရ၏ လုပ်ငန်းများ ရပ်တန့်ခဲ့ရသောကြောင့် တပ်မတော်က ဝင်ရောက်ထိန်းသိမ်း တာဝန်ယူဆောင်ရွက်ခဲ့ရသည့် အခြေအနေများ၊ နောက်ပိုင်းတွင် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်သွားနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေးအတွက် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးဆောင်ရွက်ခဲ့ပြီး တိုင်းရင်းသားပြည်သူလူထုနှင့် အလွှာပေါင်းစုံမှအစုအဖွဲ့များ ပါဝင်သောအမျိုးသားညီလာခံ၌ အချေအတင် ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခဲ့သည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ချိန်၌ ဥပဒေနှင့်အညီ ဖြေရှင်းမှုများ ဆောင်ရွက်ပေးခဲ့ခြင်းမရှိခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက် ၂ ရပ်၊ အမျိုးသားရေးရည်မှန်းချက် ၂ ရပ် ချမှတ်၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာ ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များနှင့် ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နိုင်ငံတော်အတွက် အဓိကကျသည့် နိုင်ငံရေး မောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေး မောင်းနှင်အားများ ကောင်းမွန်စေရေး ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## Naypyitaw State Academy ၌ စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၇

Naypyitaw State Academy ၊ အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲကို Naypyitaw State Academy အားကစားခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ Naypyitaw State Academy ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဌာနများမှ ဌာနမှူးများ၊ ဆရာဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက် အားပေးသည်။

ပြိုင်ပွဲမစတင်မီ Naypyitaw State Academy ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာစိုးစိုးအောင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲများကို စတင်ကျင်းပရာ အမျိုးသားပွဲစဉ် ၂၂ ပွဲနှင့် အမျိုးသမီးပွဲစဉ် ၁၀ ပွဲ ယှဉ်ပြိုင်ကစားကြသည်။

မွန်းလွဲပိုင်းတွင် ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ အမျိုးသားပွဲစဉ်တွင် ဆုရရှိသူများကို ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာနုနုလွင်က လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် ဆုရရှိသူများကို ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာစိုးစိုးအောင်က လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အားကစားနည်းပြနှင့် ဒိုင်များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် Online Booking စနစ်ဆောင်ရွက်ခြင်းကို နေပြည်တော်၊ မန္တလေး အပါအဝင် မြို့ကြီး လေးမြို့တွင် စတင်ဆောင်ရွက်နိုင်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် Online Booking စနစ်ဆောင်ရွက်ခြင်းကို နေပြည်တော်၊ မန္တလေးအပါအဝင် မြို့ကြီး လေးမြို့တွင် စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးက အသိပေးထားသည်။

ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ မန္တလေး၊ ပုသိမ်၊ နေပြည်တော်၊ ပဲခူးရုံးခွဲတို့တွင် ဆောင်ရွက်နိုင်မည့် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အိမ်ထောင်စုစာရင်းဝင် နိုင်ငံကူးလက်မှတ်လျှောက်ထားမည့်သူများအတွက် အဆင်ပြေချောမွေ့စေရေးအတွက် KBZPay / MPU Card ဖြင့် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီမှစ၍ Online မှ Booking တင်၍ Appiontment Date ရယူဆောင်ရွက်နိုင်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အိမ်ထောင်စုစာရင်းဝင်သူများ မဟုတ်ပါက Booking ရသော်လည်း ဆောင်ရွက်ပေးမည် မဟုတ်ကြောင်းလည်း ပါရှိသည်။

Online မှ Booking ရရှိပြီးသူများ နိုင်ငံကူးလက်မှတ် လာရောက်လျှောက်ထားမှုအား လဝကမှ စိစစ်ထားသော UID နံပါတ်များရှိပါက တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ကြောင်းလည်း သိရသည်။

Online မှ Booking တင်ရာတွင် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ Website ၏ www.passport.gov.mm တွင် ဝင်ရောက်လျှောက်ထားနိုင်ပြီး KBZPay / MPU Card ဖြင့် ငွေပေးချေခြင်းဖြင့် ကြားခံပွဲစား/ အကျိုးဆောင်များ မလိုအပ်ဘဲ ကာယကံရှင်ကိုယ်တိုင်သာ လျှောက်ထားနိုင်ရေး စီစဉ်ထားရှိခြင်းဖြစ်ကြောင်း အသိပေးထားသည်။

MT

# အမျိုးသားပို့ကုန်မဟာဗျူဟာ ဒုတိယအဆင့်အဖြစ် ကဏ္ဍ ၁၈ ခုကို ရွေးချယ်အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ - ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ အမျိုးသားပို့ကုန် မဟာဗျူဟာ အစိုးရ - ပုဂ္ဂလိက ပို့ကုန် မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ အမျိုးသားပို့ကုန် မဟာဗျူဟာကဏ္ဍအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ - ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေး ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အမျိုးသားပို့ကုန်မဟာဗျူဟာကို ၂၀၁၃ ခုနှစ်မှ စတင် ရေးဆွဲခဲ့ပြီး ၂၀၁၅ - ၂၀၁၉ (၅)နှစ်တာ ကာလအတွက် ကဏ္ဍ ၁၁ ခုကို ရွေးချယ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယအဆင့်အဖြစ် ၂၀၂၀ - ၂၀၂၅ ကာလအတွက် ကဏ္ဍ ၁၈ ခုကို ရွေးချယ်အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် ကဏ္ဍအလိုက် အသေးစိတ်လုပ်ငန်းစီမံချက်များနှင့် ပင်မလုပ်ငန်းစီမံချက်ကို ရေးဆွဲပြီးဖြစ်၍ စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်း အဝေးတို့ကလည်း အတည်ပြုပြီးဖြစ်ကြောင်း၊ မဟာဗျူဟာအကောင်အထည် ဖော်နိုင်ရေးအတွက် အစိုးရ - ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေး ကောင်စီနှင့် အစိုးရ - ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေး ကော်မတီတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ဖေဖော်ဝါရီ ၂၁ ရက်က ဖွဲ့စည်း ပေးပြီးဖြစ်ကြောင်း၊ ကဏ္ဍအလိုက် လုပ်ငန်း များ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက် များကို အခြေခံကာကာလတိုအတွင်း ရလဒ်ထွက်ပေါ်နိုင်စေမည့်လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့များအနေ ဖြင့် သက်ဆိုင်ရာဌာနချင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် ပြောကြားသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ပို့ကုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး ပတ်ဝန်းကျင်ကောင်းများ ဖြစ်လာစေရန် အတွက် ပိုမိုလုပ်ဆောင်ကြရန် လိုအပ် ကြောင်း၊ ကော်မတီ၏လုပ်ငန်းတာဝန်များ အတိုင်း အဖွဲ့ဝင်များက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားစေလိုကြောင်း၊ ဌာနများ က လက်ရှိအကောင်အထည်ဖော်နေသည့် ဦးစားပေးလုပ်ငန်းများနှင့် ချိတ်ဆက်ပြီး ရေတိုအကျိုးရလဒ်ဖြစ်ထွန်းမည့် လုပ်ငန်း စဉ်များကို ဝိုင်းဝန်းဆွေးနွေးဖော်ထုတ် သွားစေလိုကြောင်း ဆွေးနွေးပြောကြား သည်။

ထို့နောက် ကော်မတီတွဲဖက်အတွင်း ရေးမှူး မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ က အမျိုးသားပို့ကုန်မဟာဗျူဟာ ဖွဲ့စည်း ဆောင်ရွက်မှုနှင့် ကဏ္ဍအလိုက်အကောင် အထည်ဖော်မှုအခြေအနေများကို ရှင်းလင်း တင်ပြပြီး အစိုးရ - ပုဂ္ဂလိက ပို့ကုန် မြှင့်တင်ရေးကော်မတီ ကော်မတီအဖွဲ့ဝင် များနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ ကဏ္ဍအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌများက ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံသားများ၏အကျိုးစီးပွားကို မှန်ကန်သစ္စာရှိစွာ ဖော်ဆောင်ပေးနိုင်သူများဖြစ်ရန်လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

တိုင်းရင်းသားလူမျိုးများ ရေးရာ ဝန်ကြီးဌာန အမှုထမ်းများ ရုံးလုပ်ငန်း စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်း ဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းသား သင်တန်းသူ များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသ ကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူး ရုံးများနှင့် ပြည်ထောင်စုတိုင်းရင်း သားကျေးရွာ(ရန်ကုန်)မှ သင်တန်း သား သင်တန်းသူများက Onlilne ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှုထမ်းများအနေဖြင့် ပို့ချမည့် ဘာသာရပ်များကို ကောင်းမွန်စွာ လေ့လာမှတ်သားပြီး လုပ်ငန်းခွင် တွင် ထိထိရောက်ရောက် မှန်ကန် စွာ လက်တွေ့ကျကျ အသုံးချ ဆောင်ရွက်နိုင်ရန် အထူးလိုအပ် ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများသည် နိုင်ငံတော်အစိုးရကိုယ်စား တာဝန် ထမ်းဆောင်နေကြသူများ ဖြစ် ကြောင်း၊ အစိုးရနှင့်ပြည်သူများ အကြား ပေါင်းကူးဆက်စပ်ပေး သည့်လူပုဂ္ဂိုလ်များ၊ ဌာနများဖြစ် ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံ သူ၊ နိုင်ငံသားများ၏ အကျိုးစီးပွား ကို မှန်ကန်သစ္စာရှိစွာ ဖော်ဆောင် ပေးနိုင်သူများဖြစ်ရန် လိုအပ် ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်ကို ကောင်းစွာသိရှိနားလည် ပြီး ဝီရိယ၊ သစ္စာ၊ ဉာဏ၊ သမာဓိ ရှိရှိဖြင့် နိုင်ငံ့ဝန်ထမ်းများအတွက် ပြဋ္ဌာန်းထားရှိသော စည်းမျဉ်း စည်းကမ်းများနှင့်အညီ ထမ်း ဆောင်တတ်သည့်ဝန်ထမ်းကောင်း များဖြစ်စေရန်နှင့် မိမိနိုင်ငံနှင့် ဝန်ကြီးဌာနအပေါ် သစ္စာရှိစွာဖြင့် စွမ်းဆောင်ရည် မြှင့်မားမှုကို ပေါင်းစပ်ပြီး တက်တက်ကြွကြွ ကြိုးစားဆောင်ရွက်ကြရန် အထူး တိုက်တွန်းကြောင်း ပြောကြား သည်။ **(အပေါ်ပုံ)**



အဆိုပါသင်တန်းသို့ သင်တန်း သား သင်တန်းသူ ၅၈ ဦး တက် ရောက်ကြပြီး သင်တန်းကာလကို ရက်သတ္တ နှစ်ပတ်ကြာ သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်အစိုးရအဖွဲ့ ယာယီတိုက်ပွဲရှောင်အိမ်ထောင်စုများအား ရာသီသီးနှံများ ထောက်ပံ့

**ဗန်းမော် ဖေဖော်ဝါရီ ၁၇**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ပြည်နယ် အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဗန်းမော်မြို့ အတွင်းရှိ တစ်နိုင်တစ်ပိုင် ရာသီသီးနှံစိုက်ပျိုး တောင်သူများ၏ ထွက်ကုန်များကိုဝယ်ယူခဲ့ပြီး မံစီမြို့နယ်မှ လတ်တလောအခြေအနေအရ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုများအား ရာသီသီးနှံများ ထောက်ပံ့ပေးအပ်ခြင်းကို ဖေဖော်ဝါရီ ၁၆ ရက်က ပေါက်ကုန်းရပ်ကွက်ရှိ သုခဝတီဘုန်းတော်ကြီးကျောင်းနှင့်ဇေယျာသုခ ဘုန်းတော်ကြီးကျောင်းတို့၌ ပေးအပ်သည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်နှင့် အဖွဲ့ဝင် များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ထွန်းတိုးနှင့် အဖွဲ့ဝင်များက မံစီ မြို့နယ် စီခမ်းကြီး၊ စီကော်၊ သံတံတား၊ စီအူ၊ ဟန်ထက်၊ နောင်ဟူး၊ ကုန်းတိမ်၊ မံရ၊ မံသဲ၊ ဝွေ့ကြီး၊ တုံပလွေ၊ နာဇရပ်၊ ဂါးရာယန်တို့မှ လတ်တလောအခြေအနေကြောင့် ဗန်းမော် မြို့တို့ ရောက်ရှိလာကြသော ယာယီတိုက်ပွဲ ရှောင် အိမ်ထောင်စုများအား ဆန်၊ ခေါက်ဆွဲ ခြောက်နှင့် တစ်နိုင်တစ်ပိုင် ရာသီသီးနှံစိုက်ပျိုး တောင်သူများ၏ ရာသီသီးနှံများ ထောက်ပံ့ ပေးအပ်သည်။ **(အောက်ပုံ)**

ဖေဖော်ဝါရီ ၁၃ ရက်ကလည်း ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်အစိုးရ အဖွဲ့သည် မံစီမြို့နယ်အတွင်းမှ ယာယီတိုက်ပွဲ ရှောင်အိမ်ထောင်စု ၁၅၄ စုအတွက် ပြောင်းရွှေ့ စရိတ် ငွေကျပ် ၁၅၄ သိန်းကို လည်းကောင်း၊ တစ်လစာဆန်ရိက္ခာဖိုး ငွေကျပ် ၆၅၅၂၀၀၀ ကိုလည်းကောင်း၊ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ထောက်ပံ့ရေးပစ္စည်းပုံးများကိုလည်း ကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ယခု လက်ရှိတွင် မံစီမြို့နယ်ကျေးရွာများမှ ဗန်းမော် မြို့ရှိ သာသနိကအဆောက်အဦများနှင့်ဆွေမျိုး နေအိမ်များသို့ ပြောင်းရွှေ့နေထိုင်လာကြသည့် အိမ်ထောင်စု ပေါင်း ၂၁၃ စု၊ လူဦးရေပေါင်း ၈၈၆ ဦးရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၆ ရက် က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးသန်းနိုင်ကျော်၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင် ကိုကိုမျိုးတို့က ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်သူ့ စစ်မှုထမ်းဥပဒေ၏ရည်ရွယ်ချက်များ၊ စစ်မှုထမ်းစနစ်ကို ကျင့်သုံးရခြင်း ၏အကြောင်းရင်းများ၊ အကျိုးခံစားခွင့်များ၊ စစ်မှုထမ်းရမည့် အသက် အရွယ်၊ စစ်မှုထမ်းရန်အချိန်ကာလ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် သတင်းတု၊ သတင်းမှားများနှင့် ကောလာဟလများ မယုံကြည်ကြစေရန် ရှင်းလင်းဟောပြောခဲ့ပြီး ပြည်သူများအား ပြည်သူ့ စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာလက်ကမ်းစာစောင်များ ဖြန့်ဝေ ပေးကြောင်း သိရသည်။

**သန်းသန်းနွယ် (ပုဗ္ဗ)**

## ချိန်ခါမရွေးသတိပေး မီးဘေးသတိပြု

# ဇီဝဖိုးငှက်များ လာရောက်ကျက်စားနားခိုရာ ကျွန်းများ၏ ဂေဟစနစ်မပျက်အောင် ဆက်လက်ထိန်းသိမ်းသွားရန်လို

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ မြင်းခွာကျွန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက တနင်္သာရီတိုင်းဒေသကြီးအတွင်း နှစ်အလိုက် သဘာဝနှင့် အိမ်မွေးငှက်သိုက်ထွက်ရှိမှုနှင့် ငှက်သိုက်ကျွန်းများ ထိန်းသိမ်းစောင့်ရှောက်ထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဇီဝဖိုးငှက်များ လာရောက်ကျက်စားနားခိုရာ ကျွန်းများ၏ ဂေဟစနစ်မပျက်အောင် ဆက်လက် ထိန်းသိမ်းသွားရန်လိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးသည် သာယာလှပသောကျွန်းပေါင်းများစွာ တည်ရှိနေသည့်အတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် များစွာအရေးပါသော နေရာတစ်ခုဖြစ်ကြောင်း၊ တည်ရှိနေသော ဂေဟစနစ်နှင့် အမျိုးမျိုးသော ဇီဝမျိုးစုံမျိုးကွဲများ တိမ်ကောပျောက်ကွယ်မှု မရှိအောင်၊ နေရင်းဒေသများ ပျက်စီးမှုမရှိအောင် ကာကွယ်ထိန်းသိမ်းသွားရန်လိုအပ်ကြောင်း၊ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများတွင် ဒေသခံများပါ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် အသိပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန်မှာကြားပြီး သဘာဝငှက်သိုက်များထွက်ရှိရာ ကော့ငါး၊ ကဆိုင်းလှကျွန်းနှင့် ကြက်မောက်ကျွန်းတို့အား ထိန်းသိမ်းထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းမြို့ရှိ ခရိုင်သစ်တောဦးစီးဌာနရုံး၌ ခရိုင်၊ မြို့နယ် တာဝန်ခံများနှင့်တွေ့ဆုံပြီး သစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများတွင် ဌာန၏လျာထားချက်များ ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းမြို့နယ်ရှိ သစ်ပင်စိုက်ပျိုးပွဲများတွင် စိုက်ပျိုးခဲ့သော အပင်များ၏ ရှင်သန်အောင်မြင်မှု အခြေအနေနှင့် မြို့မသစ်တောပျိုးဥယျာဉ်အတွင်း ၂၀၂၄ မိုးရာသီတွင် လူထုဖြန့်စိုက်ပျိုးရန် ပျိုးထောင်ထားသောပျိုးပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လယ်ဝေးမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးသည့်တောင်သူများအား သွင်းအားစုများ ပေးအပ်ခြင်းနှင့် ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးစိုက်ပျိုးသည့် တောင်သူများအား သွင်းအားစုများ ပေးအပ်ခြင်းနှင့် ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအုပ်စုရှိအဆင့်မြင့် လယ်ယာမြေကေ ၂၀၀ ရှင်းလင်းဆောင်၌ ကျင်းပသည်။



အခမ်းအနားသို့နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လယ်ဝေးခရိုင်နှင့် လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နွေစပါးနှင့် နွေသီးနှံများ စိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်းမြင့်မားပြီး ပန်းတိုင်အထွက်နှုန်းရရှိကာ တောင်သူများ ဝင်ငွေမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေများကို စနစ်တကျသုံးစွဲခြင်း၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲခြင်း၊ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ သတ်မှတ်သွင်းအားစုများ လုံလုံလောက်လောက်ထည့်သွင်းပေးခြင်းနှင့် ရိတ်သိမ်းရာတွင် အလေအလွင့် အနည်းဆုံးဖြစ်အောင် ရိတ်သိမ်းနိုင်ရေးအတွက် စက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေးကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် တောင်သူများက တက်ညီလက်ညီ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် နွေစပါးစီမံကိန်းဆောင်ရွက်ထားရှိမှု၊ ဆည်ရေသိုလှောင်ထားရှိမှုနှင့် နွေစပါးနှင့် နွေသီးနှံများအတွက် စိုက်ပျိုးရေပေးဝေမည့်အခြေအနေ၊ နွေစပါးကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည့်အခြေအနေနှင့် ဇာမဏီကုမ္ပဏီတာဝန်ခံက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးရာတွင် သွင်းအားစုများ ဖြန့်ဖြူးမည့်အခြေအနေကိုရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက နွေစပါးစိုက်ပျိုးမည့်တောင်သူများထံ စပါးမျိုးစေ့များနှင့် ဓာတ်မြေဩဇာများ ပေးအပ်ကြပြီး တက်ရောက်လာသူများက လိုအပ်ချက်များကိုတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် သစ်ဆိမ့်ပင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၂၆) တောင်သူ ဦးတင်ငွေ၏ နွေစပါးစိုက်ခင်း နှစ်ဧကတွင် နွေစပါးနှံကောက်ထွန်းမျိုးကို ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးနေမှု၊ တောင်သူ ဦးမင်းမင်း၏ နွေစပါးစိုက်ခင်း တစ်ဧကတွင် နွေစပါးနှံကောက်ထွန်းမျိုးကို လက်ဆွဲကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးနေမှု၊ လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာဘက်စုံသုံးခန်းမ၌ နေပြည်တော်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွန်ပျူတာအခြေခံသင်တန်း ဖွင့်လှစ်သင်ကြားပို့ချနေမှု၊ သော်မှော်ကုန်းကျေးရွာလမ်းကွန်ကရစ်လမ်းခင်းကျင်းဆောင်ရွက်ပြီးစီးမှု၊ မော်ကျွန်းသာစာကြည့်တိုက်တွင် ကျေးရွာပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာနိုင်ရန်အတွက် e Library စနစ် ဆောင်ရွက်ထားရှိမှုနှင့် လယ်ဝေးမြို့နယ် ကြို့ဇလုပ်ကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လယ်ယာမြေကုန်ထုတ်လမ်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁) ၌ကျင်းပသည့် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၁/၂၀၂၄)အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှု ကော်မတီအတွင်းရေးမှူး ဒေါ်ယဉ်ယဉ်နွယ်က သက်ဆိုင်ရာကုမ္ပဏီ၏ အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်းနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# လယ်ဝေးမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေး

**လယ်ဝေး ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့်အဖွဲ့ဝင်များက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် သိကောင်းစရာများ၊၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ဧည့်စာရင်းစစ်ဆေးသည့် ကိစ္စများ၊ အင်တာနက်တွင် ပျံ့နှံ့နေသည့် သတင်းတု၊ သတင်းမှားများနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ သပြေပင်ကျေးရွာ မုန်ကျောင်းဓမ္မာရုံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပရာ ကျေးရွာနေပြည်သူ ၄၀၀ ခန့် တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးရာဇာ၊ ဦးဝင်းအောင်နှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်ယဉ်မင်းသူတို့က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် အကြောင်းအရာများ ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက်)

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီခွဲက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် “တုန္ဒိုင်းမမီ” ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး(ဦးစီးအရာရှိ) ဦးမိုးသီဟဇော်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဟောပြောပြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား မီးငြိမ်းသတ်ပုံများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး**

# မော်လမြိုင်ခရိုင်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအတွက် အသင့်စားသုံးနိုင်သော စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်း

မော်လမြိုင် ဖေဖော်ဝါရီ ၂၇

**မော်လမြိုင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံမှုဖြင့် မော်လမြိုင်ခရိုင်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား အသင့်စားသုံးနိုင်သော စားသောက်ကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေမြိုင်ခန်းမ၌ လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့သည်။**

ထိုသို့ ပေးအပ်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ယုက တပ်မတော်သားများသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးကို သက်စွန့် တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်ပြီး စဉ်ဆက်မပြတ် ပေးအပ်လှူဒါန်းနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မော်လမြိုင်ခရိုင်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်လျက် ရှိသော တပ်မတော်သားများ အတွက် ပေးအပ်လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



မော်လမြိုင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ယု မော်လမြိုင်ခရိုင်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအတွက် စားသောက်ကုန်ပစ္စည်းများကို ဗိုလ်မှူး ပြည့်ဖြိုးဝင်း ထံ ပေးအပ်စဉ်။



မော်လမြိုင်ခရိုင်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအတွက် ငါးခြောက်များ ကြော်နေစဉ်။

ထို့နောက် မော်လမြိုင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်ယု၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး စိုးအောင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးသန်းအေးတို့က မော်လမြိုင်ခရိုင်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအတွက် အသင့်စားသုံးနိုင်သော ငါးတံခွန်ခြောက်ကြော်ဘူး ၂၀၀၊ ငါးပိအစိုကြော်ဘူး ၁၀၀ နှင့် ကွေကာအုပ်အထုပ်ကြီး ၉၀ တို့ကိုပေးအပ်ရာ မော်လမြိုင်တပ်နယ် တပ်နယ်မှူး (ကိုယ်စား) ဗိုလ်မှူး ပြည့်ဖြိုးဝင်းက လက်ခံရယူပြီး လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများ ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**





မော်လမြိုင်ခရိုင်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအတွက် အသင့်စားသုံးနိုင်သောစားသောက်ကုန်ပစ္စည်းများကို ထုပ်ပိုးဆောင်ရွက်စဉ်။

## ထိုင်း၌ အထောက်အထားမဲ့ မြန်မာများအား သက်သေခံလက်မှတ်ထုတ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ထိုင်းနိုင်ငံအတွင်း အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity– CI) ကို စခန်း ငါးခုနှင့် Mobile Unit သုံးခုတို့ဖြင့် ဖေဖော်ဝါရီလ ၂၃ ရက် နံနက်ပိုင်းမှ စတင်ကာ ထုတ်ပေးနေရာ လာထုတ်သူများပြားကြောင်း ထိုင်းရောက် မြန်မာလုပ်သားများအရေး ဆောင်ရွက်သူတစ်ဦးက ဆိုသည်။

ထိုင်းနိုင်ငံအတွင်း သက်သေခံလက်မှတ် ထုတ်ပေးရေးစခန်း (Certificate of Identity– CI) ငါးခုကို စမုစခွန်၊ စမုပရာကန်၊ ဆူရတ်ဌာနီ၊ ချွန်ဘူရီ၊ ပထုန်ဌာနီတို့တွင် ဖွင့်လှစ်ထားခြင်းဖြစ်ကာ Mobile Unit များကို ဆုန်ခလာ၊ ချင်းမိုင်နှင့် နခွန်စဝမ်တို့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

"မနေ့က ဘန်ကောက်မြို့အနီး စမုပရာကန်ခရိုင်မှာဖွင့်ထားတဲ့ CI စခန်းတစ်ခုမှာပဲ စာအုပ်လျှောက်တဲ့သူ ၈၀၀ နီးပါး ရှိပါတယ်။ ဒါစဖွင့်တဲ့နေ့မှာပဲ။ ဘတ်ရိုက်ထားတဲ့ အလုပ်သမားတွေက CI စာအုပ်ရမှပဲ ခရိုင်တစ်ခုနဲ့တစ်ခု သွားလာတာ အဆင်ပြေမှာဖြစ်သလို နေရပ်ပြန်ရင်လည်း လေယာဉ်နဲ့ပါ ပြန်လို့ရတော့ အများက CI စာအုပ်ပြုလုပ်ဖို့အတွက် စောင့်နေကြတာပါ" ဟု ၎င်းကဆိုသည်။

CI ထုတ်ပေးမှုအခြေအနေကို ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချစ်ဆွေ၊ အလုပ်သမား သံအရာရှိရုံး သံမှူး ဦးမျိုးမင်းအောင်၊ United K.M.K မှ တာဝန်ရှိသူများ၊ Partner Associates International Co., Ltd မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ထိုင်းနိုင်ငံသို့ တရားမဝင်လာရောက်သူများမှာ ယခင်ကလည်း မကြာခဏ အဖမ်းခံရပြီး နယ်စပ်တွင် အာဏာပိုင်များကလည်း လုံခြုံရေးများကို ပိုမိုတင်းကျပ်ထားကြောင်း သိရသည်။

**MT**

## ပေါင်းတည်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာ အသိပညာပေးစာစောင်များဖြန့်ဝေ

**ပေါင်းတည် ဖေဖော်ဝါရီ ၂၇**

ပြည်သူ့စစ်မှုထမ်းဥပဒေ ဆိုင်ရာ သိကောင်းစရာများအကြောင်းကို ပြည်သူများ အမှန်တကယ်သိရှိစေရန်၊ ဆိုရှယ်မီဒီယာများ၌ လုပ်ကြံရေးသား ဖော်ပြလျက်ရှိသော သတင်းတု၊ သတင်းမှားများ အန္တရာယ်ကြောင့် ပြည်သူများ စိုးရိမ်ထိတ်လန့်မှုမဖြစ်စေရန်နှင့် သတင်းအမှန်များကို သိရှိပြီး အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်စေရန် ရည်ရွယ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက ပေါင်းတည်မြို့နယ် ဈေး(၁)ရပ်ကွက်ရှိ လူစည်ကားရာ ရန်ကုန်လမ်းနှင့် ဘုရားကြီးလမ်းတို့၌ သွားလာနေကြသော ပြည်သူများအား ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ အသိပညာပေး သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေကြသည်။

အဆိုပါ အသိပညာပေး လက်ကမ်းစာစောင်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာအကြောင်းများ အပါအဝင် ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို ဆက်သွယ် စုံစမ်းမေးမြန်းနိုင်သည့် ဖုန်းနံပါတ်များကို ဖော်ပြထားသည်။ အဆိုပါ သတင်းစကား လက်ကမ်းစာစောင်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေ၍ အခမဲ့ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ပဲခူးမြို့၌ အခြေခံငါးမွေးမြူရေးနှင့် ငါးသားဖောက်နည်းသင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်

ပဲခူး ဖေဖော်ဝါရီ ၂၇

**ပဲခူးမြို့ အခြေခံငါးမွေးမြူရေးနှင့် ငါးသားဖောက်နည်းသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနသင်တန်းကျောင်း၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။**



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း စဉ်ဆက်မပြတ် ငါးရိက္ခာဖူလုံပိုလျှံနိုင်ရန်အတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးသားဖောက်နည်းပညာတို့သည် အဓိက အရေးကြီးသော လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့် ပတ်သက်၍ သိရှိနားလည်စေရန်နှင့် မျိုးငါးရွေးချယ်ခြင်း၊ ငါးမှုန်ငါးသန်ပြုစုခြင်း၊ ငါးများအစာကျွေးခြင်း၊ ငါးရောဂါနှင့် ရေအရည်အသွေး တိုင်းတာခြင်းများအပြင် အသားတိုးငါးမွေးမြူခြင်းစသည့် သင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်ကြားရေးအတွက် ရှင်းလင်းဆောင်ကိုလည်း တိုင်းဒေသကြီး အစီအစဉ်ဖြင့် တည်ဆောက်ပေးထားကြောင်း၊ လုပ်ငန်းခွင်အတွင်းမှ ထုတ်လုပ်ရရှိသည့် ငါးများကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ဖြစ်လာစေရန် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းနှင့် မြို့နယ်အလိုက် သဘာဝငါးမျိုးများ မျိုးစိုက်ထည့်ခြင်းအပြင် သတ်မှတ်စည်းကမ်းနှင့်အညီ ဖမ်းယူကြရန်၊ အလွန်အကျွံ ဖမ်းဆီးမှုကို တားဆီးရန်နှင့် ရှော့တိုက်ငါးဖမ်းဆီးမှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး သင်တန်းတက်ရောက်မည့် ငါးလုပ်ငန်းရှင်များ၊ ပဲခူးတက္ကသိုလ် သတ္တဗေဒနောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ၊ ဌာနတွင်း ဝန်ထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး သဘာဝငါးမျိုးများ ပြုန်းတီးမှုမရှိစေရေး မျိုးပွားထုတ်လုပ်လျက်ရှိသည့် မျိုးပွားကန်များကို လှည့်လည်ကြည့်ရှုသည်။ (ယာပုံ)

အဆိုပါ အခြေခံ ငါးမွေးမြူရေးနှင့် ငါးသားဖောက်နည်း သင်တန်းကို ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ ငါးလုပ်ငန်းရှင်များ၊ ပဲခူးတက္ကသိုလ် သတ္တဗေဒနောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ၊ ဌာနတွင်း ဝန်ထမ်းများ စုစုပေါင်း ၄၁ ဦး တက်ရောက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**



နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ တောင်တန်းမြေပြန့် မခွဲခြားဘဲ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလွင်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၃၆၆ ဒသမ ၄၇၇ သန်းဖြင့် ကလောမြို့နယ် နန်းသဲ- တောင်လား- တောင်ကွဲ- နန်းတိုင်းသွားလမ်း ကတ္တရာအပြီးသတ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၁၁၂၃၆ ဒသမ ၈၇ သန်းဖြင့် မြေလမ်း ၄၀ မိုင် ၆ ဖာလုံ၊ အာမခံလမ်း ၃ မိုင် ၂ ဖာလုံ၊ ကျောက်လမ်း ၂၅ မိုင် ၅ ဖာလုံ၊ ကတ္တရာလမ်း ၁ မိုင် ၄ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာလမ်း ၇ မိုင် ၂ ဖာလုံ၊ ကွန်ကရစ်လမ်း ၂ မိုင် ၃ ဖာလုံ၊ ကွန်ကရစ်တံတား ၁၂ စင်း၊ Box Culvert ၁၅၆ စင်း၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်း လေးခု၊ ကျောက်စီရေမြောင်းလုပ်ငန်းသုံးခု၊ မြေထိန်းနံရံလုပ်ငန်း တစ်ခု၊ အုတ်ခြံစည်းရိုးကာရံခြင်း တစ်ခု၊ အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်း လေးတွင်း၊ တန်ဖိုးနည်းအိမ်ရာ တစ်လုံး၊ သာသနာရေး လုပ်ငန်း ၁၇ ခုနှင့် ဦးစီးဌာနလုပ်ငန်း သုံးခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဇီဝိတဒါနသံဃာ့ဆေးရုံ မန္တလေး(ကန်တော်ကြီး) တွင် ပြင်ပလူနာများအား သင့်တော်သောကုသမှုစရိတ်ဖြင့် ကုသပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ မန္တလေး (ကန်တော်ကြီး) တွင် ပြင်ပလူနာများအား သင့်တော်သော ကုသမှုစရိတ်ဖြင့် ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ပြင်ပလူနာများအား သင့်တော်သော ကုသမှုစရိတ်ဖြင့် ကုသပေးမည့် အစီအစဉ်ကို လာမည့်မတ်လအလယ်တွင် တိုးချဲ့၍ စတင်ကုသပေးမည်ဖြစ်ကြောင်း အဆိုပါဆေးရုံက ကြေညာထားခြင်းဖြစ်သည်။

ထို့ကြောင့် အဆိုပါဆေးရုံ၌ တာဝန်ထမ်းဆောင်လိုသော လက်ထောက်ဆရာဝန်များ၊ သူနာပြုအုပ်နှင့် သူနာပြုဆရာမကြီး၊ အထက်တန်း သူနာပြု၊ သူနာပြုအကူနှင့် အထွေထွေလုပ်သားများအနေဖြင့် လာမည့်မတ် ၁၀ ရက်နောက်ဆုံးထားကာ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

ယင်းသို့ လျှောက်ထားပါက သက်ဆိုင်ရာ အရည်အချင်းအလိုက် ဘွဲ့လက်မှတ်မိတ္တူ၊ သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံ၊ အိမ်ထောင်စုဇယားမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာတို့နှင့်အတူ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ ဆေးရုံရှိ အောက်ဆီဂျင်ဌာန၊ ကျောက်ကပ် သွေးသန့်ဌာန၊ ရေအလှူတော်၊ မီးအလှူတော်၊ ဆေးပဒေသာပင်အလှူ၊ ဆွမ်းပဒေသာပင်အလှူတို့ကို စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

**သစ်တော်**

## ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ မြို့မစည်ပင်သာယာဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၇ ရက်ကပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ ပူးပေါင်း၍ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်စဉ်။

မောင်ကျော်ကြီး

# ရေကြောင်းသတိပေးချက်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 ရှိ Phase 2A and Phase 2B development platforms တွင် Geotechnical Site Survey (GTI) လုပ်ငန်းများအား ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Platform Location Point Zawtika-13 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂မိနစ် ၁၉.၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၀မိနစ် ၁၁.၅၂ စက္ကန့်၊ Point Zawtika-18 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၈ မိနစ် ၀၆.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၃ မိနစ် ၅၄.၈၅ စက္ကန့်၊ Point Zawtika-35 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၃မိနစ် ၄၀.၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၁ မိနစ် ၅၀.၀၅ စက္ကန့်၊ Point Zawtika-37 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃ မိနစ် ၃၃.၀၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၇ မိနစ် ၄၈.၈၂စက္ကန့်၊ Point Zawtika-40 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၆ မိနစ် ၄၂.၅၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၁ မိနစ် ၁၇.၇၃ စက္ကန့်၊ Point Zawtika-46 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၅၅.၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ် ၂၄.၀၂ စက္ကန့်၊ Point Zawtika-51 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄မိနစ် ၄၀.၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၁၉.၁၆စက္ကန့်နှင့် PLEM Location Point PLEM-23 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉မိနစ် ၀၅.၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၂၁.၆၅စက္ကန့်၊ Point PLEM-19 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၄.၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၄၇.၅၇ စက္ကန့်တို့အတွင်းတွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 ရှိ Phase 2A and Phase 2B development platforms တွင် Geotechnical Site Survey (GTI) လုပ်ငန်းများအား တိုင်းတာရေးရေယာဉ် MV. GEO MARINER ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်း သတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# PDF အမည်ခံအကြမ်းဖက်သမားများက ကလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခဲ့မှုနှင့် ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

PDF အမည်ခံအကြမ်းဖက်သမား ၁၃၀ ဦးခန့်သည် ဖေဖော်ဝါရီလ ၂၆ ရက် နံနက် ၇ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ကလေးတက္ကသိုလ်အတွင်းသို့ တောင်ဘက်မှဝင်ရောက်၍ ပညာသင်ကြားပြသနေသော ဆရာ၊ ဆရာမများ၊ တက်ရောက်ပညာသင်ယူလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ရုံးဝန်ထမ်းများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှုသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အလွန်အရေးပါသည့် ပညာရေးကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ရေးတို့အပေါ် များစွာထိခိုက်စေပြီး အမှား၊ အမှန်၊ အဆိုးအကောင်း ဝေဖန်ပိုင်းခြားတတ်အောင် သင်ကြားပေးသည့် ဆရာ၊ ဆရာမများနှင့် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် အနာဂတ် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်၍ လူသားတံတိုင်းအဖြစ် အသုံးချခြင်းသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာ မရှိသည့် အကြမ်းဖက်လုပ်ရပ်ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဧဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း (ဗဟို)၊ သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ပိန္နဲကုန်းရခိုင် ဂျာမေဗလီနှင့် ဘူးသီးတောင် မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းတို့မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA (ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား PDF အမည်ခံ အကြမ်းဖက်သမားများက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ နိုင်ငံတော်၏ ပညာရေးကဏ္ဍနှင့် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ထမ်းဆောင်လျက်ရှိသည့် အနန္တဂိုဏ်းဝင် ဆရာ/ဆရာမများနှင့် ပညာရေး ဝန်ထမ်းများ၊ ကလေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အနာဂတ်မျိုးဆက်သစ် လူငယ်/လူရွယ် ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း၊ လူသားတံတိုင်းအဖြစ် အသုံးပြုခြင်းတို့ကို လုပ်ဆောင်ခဲ့သည့်အတွက် ၎င်း PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ (၂၇) ရက်

PDF အမည်ခံ အကြမ်းဖက်သမားများက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်တွင် ပညာသင်ယူလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

ယခုကဲ့သို့ ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ ကလေးတက္ကသိုလ်တွင် အေးချမ်းစွာ ပညာသင်ယူလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်

ကလေးမြို့၊ ကလေးတက္ကသိုလ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ/ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်တွင် ပညာသင်ယူလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်း တာဝန်ထမ်းဆောင်မည့် အနာဂတ်မျိုးဆက်သစ် လူငယ်၊ လူရွယ် ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးဝန်ထမ်းများနှင့် အနန္တဂိုဏ်းဝင် ဆရာ/ဆရာမများကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

PDF အမည်ခံအကြမ်းဖက်သမားများက နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာဖြစ်အောင် မွေးထုတ်ပေးမည့် ကလေးတက္ကသိုလ်ရှိ ဆရာ/ဆရာမများ၊ ရုံးဝန်ထမ်းများနှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြမည့် မျိုးဆက်သစ် ကျောင်းသား/ ကျောင်းသူများကို လူသားတံတိုင်းအဖြစ် အသုံးပြုကာ ဖမ်းဆီးခေါ်ဆောင်သွားသည့် အကြမ်းဖက်လုပ်ရပ်အား လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ပျက်ပြားစေရန် နည်းလမ်းမျိုးစုံ အသုံးပြုလျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ကလေးမြို့၊ ကလေးတက္ကသိုလ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်တွင် အေးချမ်းစွာ ပညာသင်ယူလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

ယခုကဲ့သို့ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ယုံကြည်ခြင်းဧဝံဂေလိအသင်းတော် (ပဲခူး)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)

## ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ကလေးတက္ကသိုလ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်တွင် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်၍ လူသားတံတိုင်းအဖြစ် အသုံးချသည့် အကြမ်းဖက်လုပ်ရပ်ကို မည်သို့မျှ လက်ခံနိုင်ဖွယ်ရာ မရှိသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်
(အောက်မြန်မာပြည်)

## ထူးခြားသည့် ညအပူချိန်များ

၂၇-၂-၂၀၂၄

| | | |
|---|---|---|
| ဟားခါးမြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၆ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်းမြို့ | ၇ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲမြို့ | ၈ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၈ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | ၈ | ဒီဂရီစင်တီဂရိတ် |

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၁။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးတက္ကသိုလ်ရှိ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ အမှား၊ အမှန်၊ အဆိုး၊ အကောင်းတို့အား ဝေဖန်ပိုင်းခြားတတ်အောင် လမ်းပြသင်ကြားပေးလျက်ရှိသော ဆရာ/ဆရာမများနှင့် အနာဂတ်မျိုးဆက်သစ် ကျောင်းသား/ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားသော PDF အမည်ခံ အကြမ်းဖက်သမားများအား မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) သဘောထားထုတ်ပြန်ချက်

(၂၇.၂.၂၀၂၄)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ကလေးတက္ကသိုလ်၌ ပညာသင်ကြားပေးလျက်ရှိသော အနန္တဂိုဏ်းဝင် ဆရာ/ဆရာမများ၊ အနာဂတ်မျိုးဆက်သစ်လူငယ်/လူရွယ် ကျောင်းသား/ ကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများအား ဖေဖော်ဝါရီလ ၂၆ ရက်တွင် အကြမ်းဖက်သမားများက အတင်းအဓမ္မလူသားတံတိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို စိတ်မကောင်းဖွယ်ရာ ကြားသိနေရပါသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်၊ အင်္ဂါနေ့

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်သို့ အကြမ်းဖက်ဝင်ရောက်၍ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

စစ်ရေးပစ်မှတ်မဟုတ်သော ပညာရေးဝန်ထမ်းများနှင့် ကလေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း၊ ဓားစာခံအဖြစ် အသုံးပြုခြင်းတို့ကို ဆင်ခြင်တုံတရား ကင်းမဲ့စွာ လုပ်ဆောင်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်အား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်သို့ PDF အမည်ခံအကြမ်းဖက်သမား အင်အား ၁၃၀ ခန့်က ကလေးတက္ကသိုလ် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရုံးဝန်ထမ်းများကို ဖမ်းဆီးထားစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲဖြစ်ကာ အချို့က ဝန်ထမ်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူအချို့ကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ ထိုဖြစ်ရပ်နှင့်ပတ်သက်၍ စစ်ဘက်ပစ်မှတ်မဟုတ်ဘဲ စာသင်ကျောင်းကို တိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှုကျူးလွန်ရာရောက်သောကြောင့် အကြမ်းဖက် တိုက်ခိုက်သူ PDF အမည်ခံ အကြမ်းဖက်သမားများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## သနတ္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ထမ်းဆောင်နေကြသည့် ကလေးတက္ကသိုလ်ရှိ ဆရာ/ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့်အနာဂတ် လူငယ်/လူရွယ် ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ အတင်းအဓမ္မ အဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

ယခုကဲ့သို့ နိုင်ငံတော်၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးနေသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို သနတ္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

သနတ္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ကြေညာချက်(၁ / ၂၀၂၄)

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်၊ အင်္ဂါနေ့

၁။ စစ်ကိုင်းတိုင်း ကလေးမြို့ရှိ ကလေးတက္ကသိုလ်ကို အကြမ်းဖက်သမားများက လက်နက်ကြီး လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာ ဆရာမအချို့အား အဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

၂။ စစ်ရေးပစ်မှတ်မဟုတ်သည့် ပညာရေးဆိုင်ရာအဆောက်အအုံနှင့် ဆရာ ဆရာမများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်များကို ဖျက်ဆီးနှောင့်ယှက်ခြင်းဖြစ်ပြီး လက်ခံနိုင်ဖွယ်မရှိသည့် လုပ်ရပ်အဖြစ် ရှုမြင်သုံးသပ်ရပါသည်။

၃။ ကလေးတက္ကသိုလ်ကို ယခုလို အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်စီးနင်းဖျက်ဆီးခြင်းကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

(၂၇-၂-၂၀၂၄)

နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများအဖြစ် မွေးထုတ်သင်ကြားပေးလျက်ရှိသော ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် အနာဂတ်လူငယ်၊ လူရွယ်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများအား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းအမျိုးမျိုးပြ၍ ဖမ်းဆီးခေါ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီလ ၂၆ ရက် နံနက်ပိုင်းတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သမားများအား မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ကလေးတက္ကသိုလ်တွင် ပညာသင်ကြားလျက်ရှိသော ဆရာ/ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား/ကျောင်းသူများကို PDF အမည်ခံအကြမ်းဖက်သမားများက ဖေဖော်ဝါရီ ၂၆ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရပါသည်။

၂။ ထိုသို့ လုပ်ဆောင်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများကို မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

ကလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် အနာဂတ်မျိုးဆက်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများအား PDF အမည်ခံအကြမ်းဖက်သမားများက ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းသည် နိုင်ငံတော်၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသည့် လုပ်ရပ်ဖြစ်သဖြင့် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ဆင်ခြင်တုံတရားမဲ့စွာ နည်းမျိုးစုံအသုံးပြုလျက် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်နေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်အတွင်းသို့ ဝင်ရောက်၍ ဆရာ/ ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့် ရုံးဝန်ထမ်းများကို ဖမ်းဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့များက အချိန်မီသွားရောက်ကယ်ဆယ်ဆောင်ရွက်ခဲ့မှုကြောင့် စုစုပေါင်း (၂၈၅)ဦးအား အချိန်မီ ပြန်လည်ကယ်ဆယ်နိုင်ခဲ့သော်လည်း၊ အချို့ဝန်ထမ်း ဆရာ/ ဆရာမနှင့် ကျောင်းသား / ကျောင်းသူ(စိစစ်ဆဲ)တို့အား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများက တက္ကသိုလ်များ၊ စာသင်ကျောင်းများအား ရည်ရွယ်ချက်ရှိစွာဖြင့် ဝင်ရောက်ပစ်ခတ်ဖျက်ဆီးခြင်း၊ ၎င်းနေရာများကို အကာအကွယ်ရယူတိုက်ခိုက်ခြင်းတို့အပေါ် လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်

၁။ ကလေးမြို့၊ ကလေးတက္ကသိုလ်ကို ဖေဖော်ဝါရီလ ၂၆ ရက်တွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက တက္ကသိုလ်ထဲသို့ ဝင်ရောက်၍ ဆရာ၊ ဆရာမများ၊ ရုံးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဖမ်းဆီးထားရှိကြောင်းသိရှိရသဖြင့် ပြန်လည်ကယ်ဆယ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ၂၈၅ ဦးအား ကယ်ဆယ်နိုင်ခဲ့သော်လည်း အချို့သောဝန်ထမ်း၊ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ(စိစစ်ဆဲ)တို့အား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရပါသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်သောပစ်မှတ်များ မဟုတ်ဘဲ ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုဝင်များနှင့် ရုံးဝန်ထမ်းများကို အကာအကွယ်ယူ ပစ်ခတ်တိုက်ခိုက်ခြင်း၊ အရပ်သားများအား ခြိမ်းခြောက်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်လူရွယ်များ၊ စာပေပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများနှင့် ရုံးဝန်ထမ်းများကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်၌ ပညာသင်ကြားပေးလျက်ရှိသည့် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ၂၆.၂.၂၀၂၄ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိဖြင့် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ထိုသို့ နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် သင်ကြားပေးလျက်ရှိသည့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် အေးချမ်းစွာပညာသင်ယူလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဖမ်းဆီးခေါ်ဆောင်သွားသည့် PDF အမည်ခံအကြမ်းဖက်သမားများအား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး

### အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ကလေးတက္ကသိုလ်မှ နိုင်ငံ့အကျိုးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် သားကောင်းရတနာ၊ သမီးကောင်းရတနာများ မွေးထုတ်ပေးလျက်ရှိသည့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် ကျောင်းသား၊ ကျောင်းသူများကို ဖေဖော်ဝါရီလ ၂၆ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားမှုအပေါ် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

## ပိန္နဲကုန်းရှိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

(၂၇.၂.၂၀၂၄)

၁။ PDF အမည်ခံအကြမ်းဖက်သမားများက ဖေဖော်ဝါရီလ ၂၆ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ကလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ အဆိုပါ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းသည် နိုင်ငံတော်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများအား ပိန္နဲကုန်း ရှိုင်ဂျာမေဗလီက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ပိန္နဲကုန်းရှိုင်ဂျာမေဗလီ

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

(၂၇-၂-၂၀၂၄)

PDF အမည်ခံအကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဖေဖော်ဝါရီလ ၂၆ ရက်တွင် အဆိုပါကျောင်းအတွင်းရှိ ရူပဗေဒနှင့် သတ္တဗေဒ စာသင်ဆောင်များတွင် ဖမ်းဆီးထားကြောင်း၊ ဖမ်းဆီးထားသူများ အနက်မှ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူအချို့တို့ကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ယခုကဲ့သို့ နိုင်ငံ့ဝန်ထမ်းများနှင့် အနာဂတ်မျိုးဆက်သစ်လူငယ် မောင်မယ်များ၏ ဘဝကို ဖျက်လိုဖျက်ဆီး လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများအား ဘူးသီးတောင်မောင်တော ဒေသဖွံ့ဖြိုးရေးအသင်းက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း

## ထိုင်းနိုင်ငံတွင် အဖမ်းအဆီး ပိုမိုများပြားနေသည့်အတွက် မြန်မာနိုင်ငံသားများအနေဖြင့် တရားဝင်လမ်းကြောင်းကသာ လာကြရန် အလုပ်သမားအရေးဆောင်ရွက်သူတစ်ဦးက ဆို

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ထိုင်းနိုင်ငံတွင် အဖမ်းအဆီးပိုမိုများပြားနေသည့်အတွက် ထိုင်းနိုင်ငံသို့ ဝင်ရောက်မည့် မြန်မာနိုင်ငံသားများအနေဖြင့် တရားဝင်လမ်းကြောင်းကသာ လာရောက်ကြရန် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားအရေး ဆောင်ရွက်နေသူ မြန်မာနိုင်ငံသားတစ်ဦးက ပြောကြားသည်။

**ဖမ်းဆီးမှုများလုပ်လာ**

လက်ရှိကာလ မြန်မာ - ထိုင်း နယ်စပ်တွင် သာမက ထိုင်းနိုင်ငံအတွင်းမှာပါ ယခင်ထက် လုံခြုံရေးပိုမိုတင်းကျပ်လာပြီး ရှာဖွေဖမ်းဆီးမှုများ ပိုမိုပြုလုပ်လာသည်ကို တွေ့ရှိလာရသကဲ့သို့ တရားမဝင် ဝင်ရောက်ခြင်းများကိုလည်း ယခုကာလတွင် ပိုပြီးဖမ်းဆီးမှုများ လုပ်လာကြောင်း ၎င်းက ပြောကြားသည်။

"MoU စနစ်နဲ့ကတော့ အလုပ်သမားအသစ်တွေဝင်တာ၊ လူဟောင်းတွေနယ်စပ်မှာ သက်တမ်းတိုးပြန်ဝင်တာတော့ ရှိနေတာပါပဲ။ အဓိက တရားမဝင်လာတဲ့သူတွေကို ဖမ်းဆီးဖို့ ထိုင်းဝန်ကြီးချုပ်က အမိန့်ထုတ်လာတော့ နယ်စပ်ဘက်မှာရော အထဲမှာပါ ယခင်ကထက် လုံခြုံရေးပိုတင်းကျပ်လာပြီး ရှာဖွေဖမ်းဆီးတာတွေ ခပ်စိပ်စိပ်လုပ်လာတာ ရှိလာတာပေါ့။ တရားမဝင်ဖမ်းဆီးတာတွေက ယခင်ကလည်းရှိနေတာပါပဲ။ ဒါပေမယ့် အခုက ပိုပြီး ဖမ်းဆီးတာတွေလုပ်လာတဲ့ သဘောမှာ ရှိတယ်" ဟု ၎င်းက ဆိုသည်။

**တရားဝင် လာစေချင်**

အထောက်အထားမဲ့ လုပ်သားအချို့မှာ လုပ်ငန်းခွင်အတွင်း ထိခိုက်မှုရှိခဲ့လျှင်လည်း ထိုက်သင့်သော နစ်နာကြေးမရဘဲ ဆေးကုသပေးရုံမျှဖြင့်သာ ကျေနပ်လိုက်ရခြင်းများရှိ၍ တရားဝင်သာလာစေချင်ကြောင်း ၎င်းက အကြံပြုထားသည်။

MT

## အသက်(၅၀)နှစ်နှင့်အထက် ကျန်းမာရေးဝန်ထမ်းများအား ပြင်ဦးလွင်မြို့ ခုတင်(၃၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုပေး

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ လမ်းညွှန်ချက်ဖြင့် အသက်(၅၀)နှစ်နှင့်အထက် ကျန်းမာရေး ဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းအစီအစဉ်အရ ပြင်ဦးလွင်ခရိုင်အတွင်းရှိ ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးဦးစီးဌာနရှိ အသက်(၅၀)နှစ်နှင့်အထက် ကျန်းမာရေးဝန်ထမ်း ၇၂ ဦးအား Medical Check-up ဆောင်ရွက်ပေးခြင်းကို ပြင်ဦးလွင်မြို့ ခုတင် ( ၃၀၀ ) ဆံ့ ပြည်သူ့ဆေးရုံကြီး Medical Resort Centre တွင် ဖေဖော်ဝါရီ ၂၄ ရက်က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် အထွေထွေစမ်းသပ်စစ်ဆေးခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ ပုံရိပ်ဖော်နည်းပညာဖြင့် စမ်းသပ်စစ်ဆေးခြင်း၊ ကျန်းမာရေးစစ်ဆေးမှုမှတ်တမ်းများ ထားရှိခြင်းနှင့် Follow up ပြန်လည်ကြည့်ရှုခြင်းအား လစဉ်ပထမအပတ် အင်္ဂါနေ့နှင့် ကြာသပတေးနေ့များတွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ခရိုင် (ပြန်/ဆက်)

❖ *ကျောဖုံးမှ*

ကျော်စိုး(ခ) အားလျံ ၄ားရမ်းထားသည့် ဂိုဒေါင်ကို သတင်းအရ ရှာဖွေရာ ဂိုဒေါင်အတွင်းမှ တရားမဝင်သိုလှောင်ထားသော ဆာလာအိတ် ၂၀၀ ဖြင့်ထည့်ထားသည့် ဒေသကာလတန်ဖိုးငွေကျပ် ၂ ဘီလီယံ တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၅ တန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ ကဖင်းများကို မန္တလေးတိုင်းဒေသကြီးမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းအားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❍ *ကျောဖုံးမှ*

ဝက်စ်ဟမ်းအသင်းသည် ယခုပွဲစဉ်အနိုင်ရရှိမှုကြောင့် ယမန်နှစ် ဒီဇင်ဘာ ၂၈ ရက်နောက်ပိုင်း ပထမဆုံးအကြိမ် နိုင်ပွဲပြန်လည်ရှာတွေ့ခဲ့ခြင်းလည်း ဖြစ်သည်။

**အကောင်းဆုံးတုံ့ပြန်ကစားနိုင်**

ဘရန့်ဖို့ဒ်အသင်းသည် အိမ်ရှင် ဝက်စ်ဟမ်းအသင်းကို ပွဲချိန်တစ်လျှောက် အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း လိုအပ်သည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခြင်း မရှိခဲ့ချေ။ ဝက်စ်ဟမ်းအသင်းအတွက် သွင်းဂိုးများကို ဘိုဝင်နှင့် အီမာဆင်တို့က သွင်းယူပေးပြီး ဘရန့်ဖို့ဒ်အသင်းအတွက် သွင်းဂိုးများကို မော်ပေးနှင့် ဝစ်ဆာတို့က သွင်းယူပေးနိုင်ခဲ့သည်။

ဝက်စ်ဟမ်းအသင်းသည် ယခုနိုင်ပွဲကြောင့် ရမှတ် ၃၉ မှတ်ဖြင့် အဆင့် (၈) သို့ တက်လှမ်းနိုင်ခဲ့သည်။ ဘရန့်ဖို့ဒ်အသင်းက ယခုပွဲရှုံးနိမ့်မှုခဲ့သည့်အတွက် တန်းဆင်းဇုန်အထက် ငါးမှတ်အကွာ အဆင့် (၁၆) တွင် ရပ်တည်နေသည်။

အောင်ဇော်

◆*ကျောဖုံးမှ*

ပွဲစဉ် (၁၆) တွင် လက်ရှိချန်ပီယံ VUC အသင်းက Winner Soccer အသင်းကို ငါးဂိုး-တစ်ဂိုး၊ ဖူဆယ်ချစ်သူအသင်းက Generations အသင်းကို သုံးဂိုး-နှစ်ဂိုး၊ Dream Team အသင်းက M2K အသင်းကို လေးဂိုး-နှစ်ဂိုး၊ MIU အသင်းက Futsal-19 အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ လင်းလက်အသင်းက လက်ဝဲသုန္ဒရအသင်းကို ကိုးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံဆုအတွက် Play-off ကစားရမည့် သုံးနေရာအတွက် VUC အသင်းသည် အဆင့် ၁ နေရာဖြင့် ဝင်ခွင့်ရရန် သေချာခဲ့ပြီး ကျန်နှစ်နေရာအတွက် MIU အသင်းသည် နိုင်ပွဲပြန်ရခဲ့ဖြင့် အခွင့်အရေးပြန်ကောင်းလာသည်။ ပွဲစဉ် (၁၆)အပြီးတွင် VUC အသင်းက ရမှတ် ၄၈ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး MIU အသင်းက ၃၄ မှတ်၊ Generations အသင်းက ၃၂ မှတ်၊ Winner Soccer အသင်းက ၂၉ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ၁၉ မှတ်၊ Dream Team အသင်းက ၁၈ မှတ်၊ M2K အသင်းက ၁၇ မှတ်၊ Futsal-19 အသင်းက ၁၆ မှတ်၊ လင်းလက်အသင်းက ၁၄ မှတ်၊ လက်ဝဲသုန္ဒရအသင်းက ခုနစ်မှတ် ရရှိထားသည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

## ဘီးလင်းမြို့နယ်၌ တိရစ္ဆာန်အစာဈေးမြင့်နေခြင်းကို ဖြေရှင်းနိုင်ရန် အချက်အလက်များ ကောက်ယူ

ဘီးလင်း ဖေဖော်ဝါရီ ၂၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းကျေးရွာများရှိ မွေးမြူရေးလုပ်ကိုင်သူများသည် ယခုလတ်တလောတွင် တိရစ္ဆာန်အစာဈေးနှုန်းမြင့်နေမှု၊ ရောင်းချရာတွင် ဈေးကောင်းမရရှိမှု၊ ရောဂါကျရောက်မှုများကြောင့် အရှုံးပေါ်လျက်ရှိရာ ယင်းအခက်အခဲများကို ဖြေရှင်းနိုင်မည့်အစီအစဉ် ရေးဆွဲနိုင်ရန်အတွက် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီမံကိန်းကျေးရွာများရှိ မွေးမြူရေးလုပ်ကိုင်သူများနှင့် တွေ့ဆုံကာ အခက်အခဲများကို မေးမြန်း၍ အချက်အလက်များ ကောက်ယူကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# သမီးလေးနှင့် တစ်နေ့တာမှသည် နိုင်ငံချစ်စိတ်ဆီသို့

**စာရေးသူတာဝန်ထမ်းဆောင်တာက နေပြည်တော်မှာ၊ မိသားစုက ရန်ကုန်မှာ၊ ကလေးတွေ ကျောင်းတက်တာက ရန်ကုန်မှာဆိုတော့ မိသားစုဘဝနဲ့ အလုပ်ကိစ္စများကို အချိုးညီမျှတစွာ ဆောင်ရွက်ဖို့ရာ အလွန်ခက်ခဲခဲ့ပါတယ်။ မောင်တစ်ရွာ၊ မယ်တစ်မြို့ပေါ့။ ကလေးတွေ ပုံမှန်နွေရာသီ ကျောင်းပိတ်ချိန်၊ နေ့ကြီးရက်ကြီး ကျောင်းပိတ်ရက်များမှာ အမျိုးသမီးက ခွင့်ယူပြီး မိသားစု နေပြည်တော်မှာ ဆုံကြရတာများပါတယ်...**

**ခန့်ဇော် (ကျေးလက်)**

**◆ ကလေးတွေ တာဝန်ယူစိတ်ရှိအောင် သင်ပေးတဲ့သဘော၊ အသင်းအဖွဲ့စိတ်ဓာတ် (Teamwork)နဲ့ စုပေါင်းလုပ်တတ်အောင်၊ ရေချွေတာတတ်အောင်၊ လျှပ်စစ်မီး ချွေတာသုံးစွဲအောင်၊ အမှိုက်ကို စနစ်တကျ စွန့်ပစ်တတ်အောင်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်တတ်အောင်၊ ထိန်းသိမ်း တတ်လာအောင်ပါ စီစဉ်လေ့ကျင့်ပေးနေတာ အင်မတန် ကောင်းမွန်လှပါတယ်**

သားနဲ့သမီးက ရန်ကုန်ရောက်ချိန်မှာ ကျောင်းပို့/ကျောင်းကြိုလုပ်ပေးရန် တောင်းဆိုလေ့ရှိပြီး ရန်ကုန်ကို ရောက်တဲ့အချိန်တွေ့တာကလည်း အလုပ်နဲ့သွားမှ ရောက်တာမို့ စနေ၊ တနင်္ဂနွေရက်များ ဖြစ်နေလေ့ရှိကာ အိမ်ကနေ မိုးလင်းထွက်၊ မိုးချုပ်မှ အိမ်ပြန်ရောက်တာမို့ ကျောင်းပို့/ ကျောင်းကြိုအတွက် အချိန်မတိုက်ဆိုင်တာ များပါတယ်။ သို့ပေမယ့် ဝါတွင်းကာလဆိုရင် ကျောင်းပိတ်ရက်က ဥပုသ်၊ တနင်္ဂနွေဆိုတော့ စနေနေ့ကျောင်းဖွင့်တာမို့ တစ်ခါတစ်ရံ ကျောင်းပို့/ ကျောင်းကြို အဆင်ပြေပါတယ်။ အဖေကျောင်းပို့/ ကျောင်းကြိုလုပ်တဲ့အခါမျိုးဆိုရင် သားနဲ့သမီးတို့ရဲ့ မျက်နှာဝင်းလက် ကြည်ရွှင်နေတာ၊ ကျေနပ်ပျော်ရွှင်နေတာ၊ သူတို့သူငယ်ချင်းတွေကို သူတို့အဖေလာကြိုတာကိုပြောပြီး ကျေနပ်နေကြတာကို သတိထားမိပါတယ်။ ကျောင်းပို့ / ကျောင်းကြို လုပ်ပေးနိုင်တာကလည်း တစ်နှစ်မှ တစ်ခါ၊ နှစ်ခါသာ ဖြစ်ပါတယ်...

စာရေးသူ ရန်ကုန်ရောက်ဖြစ်တဲ့ တစ်ရက်မှာတော့ သမီးနဲ့နေ့လယ်စာအတူစားရင်း အိမ်စောင့်ကျန်ခဲ့ကြပါတယ်။ ကျန်မိသားစုတွေက အလုပ်ကိစ္စတွေနဲ့ အပြင်သွားကြတယ်။ သမီးက လေးတန်းကျောင်းသူ ၁၀ နှစ်ပေါ့။ ထမင်းအတူစားရင်း ကျောင်းကိစ္စ၊ ကျူရှင်ကိစ္စ၊ ကျောင်းက အကြောင်းတွေ မေးဖြစ်ပါတယ်။ သမီးက ကျောင်းပျော်တဲ့အထဲ ပါဝင်ပါတယ်။ တစ်ခါတလေ ကျောင်းမတက်ဖို့ ပြောရင် လုံးဝလက်မခံ။ သူငယ်ချင်းတွေနဲ့အတူ စာသင်ရတာ ကြိုက်သလို စာရတာကြောင့်လည်း ကျောင်းပျော်တာ ဖြစ်နိုင်ပါတယ်။

သမီးက ထမင်းစားရင် ငယ်ငယ်က ကြာတယ်။ ငုံထားတာ၊ အခုကြီးလာတော့ နည်းနည်း မြန်လာပေမယ့် ကြာသေးတယ်။ အမေလုပ်သူက အပြင်မသွားခင် မှာသွားတယ်။

“ပြန်လာလို့ ထမင်း စားမပြီးသေးရင် ဘာဖြစ်တယ်... ညာဖြစ်တယ်၊ တွေ့မယ်”ပေါ့ ...။

စားရင်း စကားလေးပြောလိုက်၊ မြှောက်ပေးလိုက်၊ တော်တယ်ပြောလိုက်နဲ့ပဲ ပုံမှန်အချိန်အတွင်း ထမင်းစားပြီးသွားပါတယ်။ ထမင်းစားပြီးတော့... “သမီး အဖေ့ပန်းကန် ဆေးပေးမလား။ ကိုကိုကတော့ ဆေးပေးတယ်”ဆိုပြီး

**တာဝန်သိတဲ့ ကလေး**

“မိဘကို အလုပ်အကျွေးပြုတာ ကုသိုလ်ရတယ်။ အိမ်အလုပ်ဝိုင်းလုပ်တာ လိမ္မာတဲ့ကလေး၊ ကိုယ့်ပန်းကန်ကိုယ်ဆေးတာ တာဝန်သိတဲ့ကလေး”ဆိုပြီး လုပ်ချင်လာအောင် မြှောက်ပင့်ပြောလိုက်တော့ အဖေ့ပန်းကန်ပါ ဆေးပေးပါတယ်။ ပန်းကန်ဆေးရင်း ဘုံဘိုင်/ ဘေစင်ရေကို အများကြီးမဖွင့်ဖို့၊ အနည်းငယ်သာ၊ လိုသလောက်သာဖွင့်ဖို့၊ ရေချွေတာဖို့လည်း သင်ပေးဖြစ်ပါတယ်။

“ရေက ဂျိုးဖြူကနေလာတာ၊ ပန့်နဲ့တွန်းရတာ၊ လျှပ်စစ်မီးသုံးပြီး တိုက်အမိုးပေါ် တင်ရတာ” စသည်ဖြင့်... သမီးကို နားလည်အောင် ပြောဖြစ်ပါတယ်။ ဆည်ရေကို သန့်စင်ပြီးမှ ပေးတာမို့ ကုန်ကျစရိတ်ရှိကြောင်း၊ သန့်စင်ပြီးရေမို့ ချွေတာသုံးစွဲရန်လိုကြောင်း ပြောဖြစ်ပါတယ်။ အဲဒီအခါမှာ သမီးက သူတို့ကျောင်းက Activities များအကြောင်း ပြောပြပါတယ်။

သူတို့အတန်းမှာ Club များ ဖွဲ့ထားကြောင်း၊ Water Saving Club၊ Energy Saving Club၊ Rubbish Management Club၊ Green Club ဟူ၍ Club များဖွဲ့ပြီး တာဝန်ခွဲဝေပေးထားကြောင်း၊ Water Saving Club အနေနဲ့ လက်ဆေးဘေစင်တွေမှာ ရေလုံ/ မလုံ၊ ဘားတွေ ပိတ်/ မပိတ် စစ်ဆေးရကြောင်း၊ ရေအလေအလွင့်မရှိအောင် ကြီးကြပ်စစ်ဆေး၊ တာဝန်ယူကြရကြောင်း ပြောပြပါတယ်။ Energy Saving Club အနေနဲ့ အလင်းရောင်ရှိရင် အလင်းရောင်သုံးဖို့ မလိုအပ်တဲ့အတွက် မီးတွေ ပိတ်ရ၊ ပန်ကာတွေ ပိတ်ရတယ်။ Rubbish Management Club အနေနဲ့ကတော့ အမှိုက်ပုံ အပြင်ဘက်ရောက်နေတဲ့အမှိုက်ကို အမှိုက်ပုံးထဲ ရောက်အောင်ပြန်ထည့်၊ အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားပြီး သတ်မှတ်အမှိုက်ပုံးမှာထည့်၊ သန့်ရှင်းရေးလုပ်၊ အမှိုက်ကောက်ကြရတယ်လို့ ဆိုပါတယ်။

**အသင်းတွေဖွဲ့ထား**

လိမ္မော်၊ ဝါ၊ စိမ်း၊ နီ၊ ပြာအသင်းတွေ ဖွဲ့ထားပြီး အသင်းတာဝန်ကျ ကျောင်းသား ကျောင်းသူတွေက အမှိုက်ကောက်/ သိမ်း ဝိုင်းဝန်းလုပ်ကိုင်ကြရပါတယ်။ Green Club ရဲ့တာဝန်တွေကတော့ သစ်ပင်စိုက်၊ မျိုးစေ့ချ၊ သစ်ပင်ရေလောင်းတာဝန်တွေ ဖြစ်ပါတယ်။ အပင်တွေကို မြေဩဇာကျွေးရတယ်။ ပြောရရင် ကျောင်းတော်ကြီး စိမ်းလန်းစိုပြည်ရေး တာဝန်တွေပဲဖြစ်ပါတယ်လို့ သမီးက ရှင်းပြပါတယ်။

စာရေးသူတို့ ငယ်ငယ်ကတော့ ဒီလို Club တွေ မရှိသေးဘူး။ အသင်းတွေရှိတယ်၊ နေ့ရက်အလိုက် အသင်းတွေက အလံတင်/ အလံချ၊ သန့်ရှင်းရေးလုပ်၊ သောက်ရေဖြည့် စသည်ဖြင့် လုပ်ကြရတယ်။ အခုခေတ်ပိုကောင်းလာတယ်လို့ ပြောလို့ရပါတယ်။ ကလေးတွေ တာဝန်ယူစိတ်ရှိအောင် သင်ပေးတဲ့သဘော၊ အသင်းအဖွဲ့စိတ်ဓာတ် (Teamwork)နဲ့ စုပေါင်းလုပ်တတ်အောင်၊ ရေချွေတာတတ်အောင်၊ လျှပ်စစ်မီးချွေတာသုံးစွဲအောင်၊ အမှိုက်ကို စနစ်တကျ စွန့်ပစ်တတ်အောင်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်တတ်အောင်၊ ထိန်းသိမ်းတတ်လာအောင်ပါ စီစဉ်လေ့ကျင့်ပေးနေတာ အင်မတန်ကောင်းမွန်လှပါတယ်။

“အားကစားနဲ့ပတ်သက်ပြီး ဘာတွေလုပ်ရလဲ” မေးတော့ တစ်ပတ်မှာ ကာယချိန်သုံးချိန်ရှိကြောင်း၊ နှစ်ချိန်ကို အတန်းထဲမှာပဲ PT ဆရာနဲ့ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတွေ လုပ်ကြရကြောင်း၊ ကျန်တစ်ချိန်ကိုတော့ အားကစားကွင်း၊ တန်းစီကွင်းကို ဆင်းပြီး အားကစားနည်းစုံ ဆော့ကစားကြကြောင်း၊ ယောကျ်ားလေးများကတော့ ဘောလုံးကန်ကြကြောင်း၊ နေ့စဉ် မုန့်စားဆင်းချိန်မှာလည်း ဘောလုံးကန်ကြကြောင်း၊ မိန်းကလေးများကတော့ ကြိုးခုန်၊ အပြေးပြိုင်၊ မထွေးလေး၊ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေစတာတွေ ဆော့ကြကြောင်း ပြောပြပါတယ်။

ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားဟာ အရေးကြီးသလို ကိုယ်ခန္ဓာကာယ ဗလ ကျန်းမာကြံ့ခိုင်ဖို့ အရေးကြီးတာမို့ စာလည်းသင်၊ ကျန်းမာရေးအတွက် ကာယချိန်၊ အားကစားချိန်လည်း ထည့်သွင်းထားတာဖြစ်မယ် ထင်ပါတယ်။ ဒါကြောင့် ကျောင်းဆင်းလို့ သမီး အိမ်ပြန်ရောက်လာရင် ချွေးတရွှဲရွှဲပါပဲ။

“သမီးတို့ မုန့်စားဆင်းချိန်ဆို ဘာလုပ်လဲ” မေးတော့...

“ထမင်းစားတယ်။ တစ်ခါတလေတော့ မုန့်ဝယ်စားတယ်။ တစ်ခါတလေ Reading Corner မှာ စာအုပ်ဖတ်တယ်” ပြောပါတယ်။

“စာကြည့်တိုက်ရှိလား” မေးတော့ “ရှိတယ်... Reading Corner လည်းရှိတယ်” လို့ သမီးက ပြောပြပါတယ်။ သမီးပြောတဲ့ Reading Corner ဆိုတာကတော့အတန်းလိုက်အတွက် အဆင်ပြေတာကို တွေ့ရပါတယ်။ သို့ပေမယ့် တောကျောင်း၊ ဝေးလံဒေသကျေးရွာများရဲ့ ကျောင်းတွေမှာတော့ ဒါမျိုးရှိဖို့မလွယ်။ ကျေးရွာတွေကို ကွင်းဆင်းရင်း တွေ့နေမြင်နေရတာမို့ စာသင်ဆောင်တောင် ကောင်းကောင်းမွန်မွန်မရှိတဲ့ ကျောင်းတွေရှိနေသေးတာ သိနေသည်ကိုး။

**သန့်လေးသန့်**

“သန့်လေးသန့်နဲ့ ပတ်သက်ပြီး ဘာတွေသင်လဲ၊ ဘာတွေလုပ်လဲ”မေးတော့...

“ (၁) လက်ကို သန့်ရှင်းနေအောင် အစာမစားမီ ဆေးရမယ်။ အိမ်သာတက်ပြီး လက်ကို သန့်ရှင်းအောင်ဆေးရမယ်။ ဆော့ကစားထားလို့ လက်ညစ်ပေနေရင်လည်း ဆေးရမယ်။ ဆပ်ပြာနဲ့ သန့်စင်အောင် ဆေးရမယ်။

(၂) ယင်နားစာတွေ မစားရဘူး။ သိုးနေတာ မစားရဘူး။ ထမင်းကျန်ဟင်းကျန်များကို မစားရဘူး။

(၃) အိမ်သာကို သန့်ရှင်းအောင်ထားရမယ်။ သန့်ရှင်းနေအောင် ဆေးကြောရမယ်။

(၄) သောက်ရေကို သန့်ရှင်းသောရေကို သောက်ရမယ်”

ဟု သင်ကြောင်းပြောပြတဲ့အပြင်

“ကျောင်းမှာ ရေသန့်စင်စက်လည်း ရှိပါတယ်။ မီးမီးကတော့ အိမ်ကထည့်ပေးတဲ့ ရေသန့်ကို သောက်တာပါ” လို့ သမီးက ပြောပြနေသေးတာ...။

“သမီးတို့ ကျောင်းတက်ချိန် နိုင်ငံတော်သီချင်း ဆိုရလား” မေးတော့ ငယ်ငယ်ကဆိုရကြောင်း၊ အခုမဆိုရကြောင်းနဲ့ “မြန်မာ့ကျောင်း” သီချင်းဆိုရကြောင်း ပြောပြတယ်။ ဆိုပြပါလားဆိုတော့ ဆိုပြပါတယ်...

**“မြန်မာ့ကျောင်း”**

**✻ (မြန်မာ့ကျောင်းသား နိုင်ငံတော်တွင်း**
**ထင်လင်းရှိရမည်**
**စည်းကမ်းသေဝပ်ခြင်း အရင်းပြုသည်**
**ဝီရိယလည်း ရှိရမည်၊ ကိုယ်ကျင့်တရား**
**ကေန်မှန်ပေသည်)**(၂ ခါက်)

**✻ အများရှုစရာ၊ သနားကရုဏာ၊ တရားမှုမှာ**
**ပိုပါသည်**
**ယဉ်ယဉ်ကျေးကျေး၊ လွန်သိမ်မွေ့ကြသည်**
**(ပညာတိုးတက်စေမည်၊**
**နိုင်ငံတန်ခိုးထွက်စေမည်**
**တို့အမျိုး ဇာနည်... ပီပါပေသည်)**(၂ ခါက်)

**✻ မြန်မာကျောင်းက ပညာရေး–**
**ကျန်းမာရေး ညီ...။**

အသံနေအသံထားမှန်မှန်နဲ့ ဆိုပြတော့ နားထောင်လို့ကောင်းသား။ ဒီသီချင်းကို စာရေးသူ မသိရိုးအမှန်ပါ။ ဘယ်သူရေးတာမှန်းလဲ မသိပါ။ ဒါပေမယ့် အဓိပ္ပာယ်ပြည့်စုံကောင်းမွန်တာ တွေ့ရလို့ သဘောကျမိရပါတယ်။ “စည်းကမ်းအစ စာသင်ကျောင်းက”ဆိုသလို ရှေ့မှာတင်ပြခဲ့တဲ့ Club တွေရဲ့ ဆောင်ရွက်ချက်တွေ၊ စည်းကမ်းတွေကိုလည်း ထင်ဟပ်နေသလို၊ ဝီရိယရှိဖို့၊ ကိုယ်ကျင့်တရားကောင်းဖို့ ငယ်စဉ်ကလေးဘဝကစလို့ အခြေခံပညာကျောင်းမှာ သင်ကြားပေးနေတာကိုလည်း ဒီသီချင်းမှာ ဖော်ကျူးထားတာကို တွေ့ရပါတယ်။

ယဉ်ကျေးသိမ်မွေ့အောင် သီချင်းမှတစ်ဆင့် သွယ်ဝိုက်စွာ လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူဘဝ ငယ်စဉ်မှစ မြန်မာ့ယဉ်ကျေးမှုကို ဘဝသက်ဆုံးတိုင် ထိန်းသိမ်းသွားဖို့၊ အများ လေးစားအားကျဂုဏ်ယူသူ၊ သနားကြင်နာတတ်၊ ကရုဏာထားရှိတတ်သူများ ဖြစ်လာစေဖို့၊ အချင်းချင်း ရိုင်းပင်းကူညီတတ်ဖို့၊ အမှန်/အမှား ဝေဖန်ပိုင်းခြားတတ်စေဖို့၊ တရားမျှတစွာ ပြောဆိုနေထိုင်တတ်စေဖို့အတွက် အနာဂတ်ကြယ်ပွင့်လေးများ၊ အနာဂတ်ပန်းလေးများဖြစ်တဲ့ ကျောင်းသား ကျောင်းသူလေးတွေကို ပန်းဥယျာဉ်မှူး ဆရာ ဆရာမတွေရဲ့ ပြုစုပျိုးထောင်ပေးနေတဲ့ပုံရိပ်ကို ထင်သာမြင်သာရှိစေတာ တွေ့ရပါတယ်။

**လူတိုင်းလက်လှမ်းမီတဲ့ပညာရေးစနစ်**

လူတိုင်းလက်လှမ်းမီတဲ့ ပညာရေးစနစ် ဖော်ဆောင်မှုမူဝါဒအရ စာသင်ကျောင်းပညာရေးကို အားပေးသလို ကျောင်းပြင်ပ ပညာရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်သွားဖို့၊ လူတိုင်း သာတူညီမျှ ပညာသင်ယူခွင့်ရှိရေး၊ တိုင်းရင်းသားပညာရေးကို အလေးထားပံ့ပိုးရေး၊ ဘုန်းတော်ကြီးသင်ပညာရေးကို အားပေးဖို့နဲ့ အလယ်တန်းအဆင့်အထိ သင်ကြားခွင့်ပြုဖို့၊ မြန်မာစာ၊ မြန်မာစကားဟာ ပြည်ထောင်စုရဲ့ တရားဝင်ရုံးသုံး၊ ကျောင်းသုံးစာပေဖြစ်လို့ နိုင်ငံသားအားလုံး တတ်မြောက်အောင် ဆောင်ရွက်ဖို့၊ နိုင်ငံတစ်ဝန်း စာမတတ်သူပပျောက်ရေးအတွက် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတာတွေ့ရပါတယ်။ ဒါမှသာ ဒေသအသီးသီးရှိ ဒေသခံတွေအပါအဝင် ကလေးတိုင်းလက်လှမ်းမီတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ရဲ့ လူမှုရေးဦးတည်ချက်ပါ တတိယအချက်တွင် **“နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး”**ဟူ၍ ချမှတ်ထားသည့်အလျောက် ဗလငါးတန်နဲ့ ပြည့်စုံတဲ့ နိုင်ငံ့သားကောင်းရတနာများ မွေးထုတ်နိုင်ရန် လိုအပ်ပါတယ်။

*စာမျက်နှာ ၁၂ သို့*

# မြို့နယ်များ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး

**နိုင်ငံတစ်ဝန်းရှိမြို့နယ်များမှ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိသဘောပေါက် နားလည်စေရန်နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန်အတွက် ဟောပြောပွဲများ ကျင်းပနေမှုကို စုစည်းဖော်ပြအပ်ပါသည်-**

## ဆင်ပေါင်ဝဲ

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် နတ်ရွာကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများ သိရှိနားလည်နိုင်စေရန်နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချန်ဖီယာန်နှင့် အဖွဲ့ဝင်များက ပြည်သူ့စစ်မှုထမ်းဥပဒေပါအချက်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် တပ်မတော်မှအတင်းအဓမ္မ ပေါ်တာဆွဲခြင်း၊ ဖမ်းဆီးခြင်းများစသည့် ရေးသားဖော်ပြချက်များမှာ လုပ်ကြံရေးသားသည့် သတင်းတု၊ သတင်းမှားများသာဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## ပဲခူး

ပဲခူးမြို့ မြို့တော်ခန်းမ၌ ပြည်သူ့စစ်မှုထမ်းဥပဒေ ရှင်းလင်းခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပရာ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးတင်ဦးက နိုင်ငံတော်ကာကွယ်ရေး တာဝန်သည် တပ်မတော်တွင်သာ တာဝန်ရှိသည် မဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုတစ်ရပ်လုံး တာဝန်ရှိသည့်အတွက် ယခုပြဋ္ဌာန်းသည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို အားလုံးက ဂုဏ်ယူဝမ်းမြောက်စွာ တာဝန်ထမ်းဆောင်ကြစေလိုကြောင်း ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ပဲခူးခရိုင်အတွင်းရှိ စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေသိကောင်းစရာ ရှင်းလင်းပွဲများကို ကျန်ရှိသည့် ညောင်လေးပင်ခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်၊ နတ်တလင်းခရိုင်နှင့် သာယာဝတီခရိုင်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

## ဆိပ်ဖြူ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဒေသခံပြည်သူများအား ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က အနောက်ပိုင်းရပ်ကွက်၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥပဒေအရာရှိတို့က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများကို ဆွေးနွေးဟောပြောပြီးနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက လူမှုကွန်ရက်မီဒီယာနှင့် တရားမဝင် သတင်းဌာနများက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သတင်းမှားများကို အယုံလွယ် လမ်းမှားမရောက်ရှိရေး တရားဝင် သတင်းဌာနများ၏ ထုတ်ပြန်ချက်များကိုသာ လေ့လာနိုင်ရေး အသိပညာပေး ဆောင်ရွက်သည်။ ထို့နောက် ဒေသခံပြည်သူများအား ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး သတင်းစကား လက်ကမ်း စာစောင်များကို ဖြန့်ဝေပေးသည်။ **ကိုဇွဲ(အညာမြေ)**



**ပန်းတောင်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များသည် ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်အတွင်းရှိ ပြည်သူများအား ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးစဉ်။** လပြည့်လင်း(ပြန်/ဆက်)

---

*စာမျက်နှာ ၁၁ မှ*

ဗလငါးတန်ဆိုသည်မှာ-

- ကာယဗလ - ကိုယ်ကာယကြံ့ခိုင်သန်စွမ်းမှု စွမ်းပကား၊
- ဉာဏဗလ - အသိဉာဏ်ပညာစွမ်းပကား၊
- စာရိတ္တဗလ- ကိုယ်ကျင့်တရား ကျင့်ဝတ် သီလစောင့်ထိန်းနိုင်မှုစွမ်းပကား၊
- မိတ္တဗလ - ကောင်းသော မိတ်ဆွေခင်ပွန်းများ ဖွဲ့စည်းနိုင်မှုစွမ်းပကား၊
- ဘောဂဗလ - ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာမှုကို ဖန်တီးနိုင်မှု စွမ်းပကားတို့ပဲ ဖြစ်ပါတယ်။

### ပညာတတ်မှ နိုင်ငံတိုးတက်မယ်

ပညာတတ်မှ နိုင်ငံတိုးတက်မယ်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်တိုးအောင်လုပ်ဆောင်နိုင်မယ်။ တိုးတက်မယ်။ မြန်မာနိုင်ငံက ကျောင်းတွေဟာ လက်ရှိသင်ကြားမှုစနစ်တွေအရ ပညာရေးတိုးတက်ရုံသာမက စည်းကမ်းကောင်းမွန်အောင်နဲ့ ကျန်းမာသန်စွမ်းအောင်လည်း လေ့ကျင့်သင်ကြားပေးနေတာကို မြန်မာ့ကျောင်းသီချင်းမှာ ဖော်ကျူးထားတာ တွေ့ရပါတယ်။

ရှားရှားပါးပါး သမီးနဲ့ စကားစမြည် အေးအေးဆေးဆေး ပြောခွင့်ရခိုက် ကျောင်းပညာရေးစနစ်ရဲ့ ပြောင်းလဲလာမှုအရပ်ရပ်ကိုပါ သုံးသပ်မိရပါတယ်။ တကယ်တော့ ရုံးပိတ်ရက်တွေမှာ ခရီးစဉ်နဲ့ မိသားစုရှိရာ ရန်ကုန်မြို့ ရောက်ဖြစ်တဲ့အခါ သားသားနဲ့သမီးတို့ကို အေးအေးဆေးဆေး တွေ့ရဖို့ အချိန်ရရန် တော်တော်ခက်ခဲပါတယ်။ ကိုယ်က မအား၊ ကိုယ်အားရင် သူတို့ကမအား၊ Online Class တွေက အချိန်ပြည့်နီးပါး…။ အိုးမကွာ အိမ်မကွာနဲ့ သင်ကြားနိုင်တာက ကောင်းတော့ ကောင်းသား။ ကိုဗစ်-၁၉ ကြောင့်ရခဲ့တဲ့ အခွင့်အလမ်းလို့ဆိုရင်လည်း မမှား။ ဒါပေမယ့် အင်တာနက်မရတဲ့ဒေသက ကလေးငယ်တွေ၊ ကွန်ပျူတာအပါအဝင် IT ပစ္စည်းတွေသုံးနိုင်ခြင်းမရှိတဲ့ကလေးတွေအတွက် Digital Divide ဖြစ်နေတာ၊ အခွင့်အလမ်း တန်းတူမရနိုင်တာကို တွေးမိပြီး စိတ်မကောင်းဖြစ်ရပါတယ်။

တစ်နေ့နေ့တော့ တစ်နိုင်ငံလုံးရှိတဲ့ ကလေးငယ်အားလုံး အင်တာနက်အသုံးပြုခွင့်ရရှိပြီး အွန်လိုင်းကတစ်ဆင့် စာသင်နိုင်တဲ့နေ့၊ တန်းတူအခွင့်အရေးရတဲ့နေ့ရောက်လာမှာပါ။ နိုင်ငံတစ်ဝန်းရှိ ကျောင်းအားလုံး ကျောင်းဖွင့်ချိန် ကျောင်းဖွင့်နိုင်အောင်၊ ကျောင်းတက်နိုင်အောင်၊ အေးချမ်းစွာ ပညာသင်ကြားနိုင်အောင် လုပ်ကြရပါဦးမယ်။ အင်တာနက်ရရှိခြင်းက ကလေးများအတွက် ကောင်းတာရှိသလို၊ မကောင်းတာတွေလည်း ရှိပါတယ်။ အင်တာနက်ကြောင့်လည်း လမ်းမှားရောက်သွားနိုင်ပါတယ်။ တယ်လီဖုန်း၊ ကွန်ပျူတာများ သုံးစွဲကြရာမှာ ကောင်းတာတွေရှိသလို၊ မကောင်းတာတွေလည်း ရှိတဲ့အတွက် လူငယ်လူရွယ်များကို လမ်းမှားရောက်သွားနိုင်တဲ့ကိစ္စတွေလည်း အများကြီးရှိပါတယ်။ မိဘများ၊ ဆရာများမှ သွန်သင်ဆုံးမ၊ ကြပ်မတ်လမ်းပြတည့်မတ်ပေးနိုင်မှ တော်ကာကျပါတယ်။

အိမ်မှာတော့ သားနဲ့သမီး Online Class တက်ရင် TV နဲ့ ချိတ်ထားပြီး လူကြီးများက စောင့်ကြည့်ပါတယ်။ အဝေးတစ်နေရာမှာ နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း မိဘတာဝန်ကျေပွန်အောင် ကြိုးစားရတာ သိပ်တော့မလွယ်လှ ။ သားသမီးတွေ အတွေးအမြင်မှန်ကန်အောင်၊ ယဉ်ကျေးလိမ္မာအောင်၊ မိသားစုကို ခင်တွယ်တတ်အောင်၊ မိသားစုခင်တွယ်မှုမှတစ်ဆင့် ကိုယ့်အိမ်၊ ကိုယ့်ယာ၊ ကိုယ့်ရေ၊ ကိုယ့်မြေကို တန်ဖိုးထားတတ်အောင်၊ ချစ်တတ်ခင်တတ်အောင် အခွင့်သင့်ရင် သင့်သလို ပြောပြပေးရတာကပင် တခုတ်တရ လုပ်ရတဲ့အလုပ်။

ကျောင်းနေရွယ်ကလေးတွေဆိုတာက မိဘနဲ့နေရချိန်ထက် စာသင်ကျောင်းမှာ အချိန်ကုန်ရတာက များတဲ့အတွက် ကျောင်းစာသင်ခန်းတွေမှာ ကလေးတွေရဲ့ဘဝအစ ပျိုးထောင်ရာ ရပ်ဝန်းပင်တည်း။ "မ အအောင်လို့ သမိုင်းသင်ရတာ"ဟု သမိုင်းပါမောက္ခဆရာကြီး ဒေါက်တာသန်းထွန်း ပြောသလိုပဲ သမိုင်းဘာသာရပ်ကို မ အအောင် သင်ကြားရခြင်းဖြစ်သလို မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ကလည်း စာသင်ကျောင်းက အစပြုရတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း စာရေးသူက သမီးကို "ကျောင်းမှာ နိုင်ငံတော်သီချင်းဆိုရသလား" မေးမိခြင်းပင်။ "အတန်းငယ်တုန်းက တစ်ခါတလေ ဆိုရတယ်"ဆိုတာနဲ့ "ဆိုပြပါလားဆိုတော့ သမီးက ဆိုပြပါတယ်….

**"နိုင်ငံတော်သီချင်း"**

**တရားမျှတ-လွတ်လပ်ခြင်းနဲ့မသွေ-**
**တို့ပြည်-တို့မြေ-**
**များလူခပ်သိမ်း-ငြိမ်းချမ်းစေဖို့-**
**ခွင့်တူညီမျှ-ဝါဒဖြူစင်တဲ့ပြည်-**
**တို့ပြည်-တို့မြေ-**
**ပြည်ထောင်စုအမွေ-အမြဲတည်တံ့စေ-**
**အဓိဋ္ဌာန်ပြုပေ-ထိန်းသိမ်းစို့လေ။**
**(ကမ္ဘာမကျေ-မြန်မာပြည်-**
**တို့ဘိုးဘွားအမွေစစ်မို့-ချစ်မြတ်နိုးပေ)၂**
**ပြည်ထောင်စုကို-အသက်ပေးလို့-**
**တို့ကာကွယ်မလေ။**
**ဒါတို့ပြည်-ဒါတို့မြေ-တို့ပိုင်နက်မြေ။**
**တို့ပြည်-တို့မြေ-အကျိုးကို ညီညာစွာ-**
**တို့တစ်တွေ**
**ထမ်းဆောင်ပါစို့လေ-တို့တာဝန်ပေ၊**
**အဖိုးတန်မြေ…။**

အမြဲမဆိုရပေမယ့် မှတ်မှတ်ရရရှိပြီး မမှားမယွင်း ဆိုပြနိုင်သည့်သမီးကို "တော်တယ်" ဟု ချီးကျူးပေးရင်းမှ…နိုင်ငံတော်သီချင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားသလို အဓိပ္ပာယ်ကလည်း ရိုးရှင်းပြီး မှတ်ရလွယ်ကူတာမို့ ဒီသီချင်းရဲ့အနက်အဓိပ္ပာယ်ကို သမီးရင်ထဲစွဲမြဲစေဖို့ အခွင့်ကြုံခိုက် ပြောပြလိုက်မိသေးတာ…

### အားလုံးရဲ့တာဝန်

"မြန်မာနိုင်ငံ၊ တို့တိုင်းပြည်၊ တို့ပိုင်နက်မြေမှာ တရားမျှတမှု၊ လွတ်လပ်မှုတွေရှိတယ်။ နိုင်ငံသား၊ တိုင်းရင်းသားအားလုံး ငြိမ်းချမ်းစေဖို့အတွက် တန်းတူညီမျှ အခွင့်အရေးများရှိတဲ့ ဖြူစင်တဲ့ မူဝါဒရှိတဲ့နိုင်ငံဖြစ်တယ်။ ပြည်ထောင်စုရဲ့အမွေ၊ ဘိုးဘွားပိုင်အမွေစစ်ဖြစ်တာကြောင့် နိုင်ငံသူ နိုင်ငံသားအားလုံးက တန်ဖိုးထားချစ်မြတ်နိုးပြီး အစဉ်အမြဲထာဝရတည်မြဲစေဖို့အတွက် ထိန်းသိမ်းဖို့ အဓိဋ္ဌာန်ပြုထားရမယ်။ တို့နိုင်ငံ၊ တို့ပြည်ထောင်စုကို နိုင်ငံသားတိုင်းက အသက်ပေးပြီး ကာကွယ်ရမယ်။ တို့တိုင်းပြည်၊ တို့ပိုင်နက်မြေရဲ့အကျိုးကိုရှေးရှုပြီး တိုင်းရင်းသားပြည်သူအားလုံးက ညီညီညွတ်ညွတ် ထမ်းဆောင်ကြရမယ်။ အားလုံးရဲ့တာဝန်ဖြစ်တယ်…

သမီးလေးရေ တို့ဘိုးဘွားအမွေဖြစ်တဲ့ တို့နိုင်ငံရဲ့ ပိုင်နက်မြေတွေကို မြတ်နိုးစွာ အမြဲတည်တံ့အောင် ထိန်းသိမ်းရမှာ သားတို့၊ သမီးတို့၊ အဖေတို့ မိသားစုအပါအဝင် ဒီနိုင်ငံမှာနေတဲ့ ဒီနိုင်ငံသား၊ တိုင်းရင်းသားအားလုံးရဲ့တာဝန်ဖြစ်တယ်။ တာဝန်သိစွာ ကာကွယ်စောင့်ရှောက်ကြရမယ်" လို့ နိုင်ငံတော်သီချင်းက ဖွင့်ဆိုထားတာဖြစ်တယ်ဆိုတာ သမီးသိအောင် ပြောပြလိုက်ရသလို သမီးကလည်း သေချာအာရုံစူးစိုက်နားထောင်နေတာ တွေ့ရတော့ ရင်ထဲ ကျေနပ်မိသွားပါတယ်။ နားထဲမှတစ်ဆင့် ရင်တွင်းရောက်အောင် နောင်လည်းအခွင့်ကြုံရင် ကြုံသလို ပုံတိုပတ်စ၊ သာဓကများဖြင့် ပြောပြသွားဖို့ ခေါင်းထဲတေးမှတ်ထားလိုက်ပါတယ်။

အခြေခံပညာအဆင့် သင်ကြားနေတဲ့ ကလေးငယ်တွေကနေ နိုင်ငံသားအားလုံးမှာ ကိုယ့်နိုင်ငံသားနဲ့ ကိုယ်ပိုင်တဲ့မြေတွေကို တစ်လက်မမှ အထိမခံရအောင် ကာကွယ်ဖို့ တာဝန်သိစိတ်ရှိကြဖို့ လိုအပ်ပါတယ်။ အားလုံး ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးနဲ့ ဝိုင်းဝန်းကာကွယ်ကြရမယ်ဆိုတဲ့ အသိစိတ်ရှိကြရမှာ ဖြစ်ပါတယ်။

ဇာတိသွေး၊ ဇာတိမာန် ရင့်သန်အောင်၊ အမျိုးကိုချစ်တတ်ပြီး ကိုယ့်ရေ ကိုယ့်မြေကို တန်ဖိုးထားကာကွယ်တတ်တဲ့ မျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိအောင်၊ တာဝန်သိစိတ်ရှိအောင် ကလေးတွေကို ငယ်စဉ်ကတည်းက ပျိုးထောင်ပေးကြရပါမယ်။ နိုင်ငံမှာ အရေးကြုံရင် နိုင်ငံနဲ့ လူမျိုးကို အသက်ပေးကာကွယ်ရမယ့် တာဝန်နဲ့အသိရှိပါမှ စည်းလုံးညီညွတ်စွာ ဘေးရန်တွေကို ကာကွယ်နိုင်မှာဖြစ်ပြီး ဒီအသိဒီမျိုးစေ့ဟာ ငယ်စဉ်ကတည်းက ပျိုးထောင်စိုက်ပျိုးပေးမှရမှာမို့ အားလုံးပဲ ကိုယ်တိုင်ကိုယ်စီတာဝန်အသိစိတ်ဓာတ်ဖြင့် ကျင့်ကြံကြသလို၊ အိမ်မှာရော ကျောင်းမှာပါ နိုင်ငံ့သားကောင်းရတနာလေးများကို နည်းစနစ်မှန်မှန်ဖြင့် ပြုစုပျိုးထောင်နိုင်ကြပါစေဟု ဆန္ဒပြုရင်း… ရင်ထဲမှာ သိမ်းထားပြီး သမီးလေးကို မမေးလိုက်… မပြောလိုက်ရတာက တော့…"အခု… တို့နိုင်ငံသားတွေ စည်းလုံးကြရဲ့လား၊ ညီညွတ်ကြရဲ့လား၊ တို့နိုင်ငံကို ချစ်ကြရဲ့လား၊ တို့ဘိုးဘွားအမွေအနှစ်ဖြစ်တဲ့ တို့မြေကိုကာကွယ်ဖို့ တို့နိုင်ငံသားတွေ တွေးဖြစ်ကြရဲ့လား…တွေးကြမှာပါ…အတွေးကို လက်တွေလုပ်ဆောင်ကြရဲ့လား…. မတွေးကြသူတွေ ရှိနေတာ…လက်တွေ့ မလုပ်ဆောင်ကြတာဟာ ဘာကြောင့်လဲ… မငြိမ်းချမ်းလို့များလား… ငြိမ်းချမ်းမှုရှိဖို့က အဓိကဖြစ်မယ် ထင်ပါတယ်… ငြိမ်းချမ်းဖို့၊ စည်းလုံးဖို့ တို့တွေဘယ်လို ပြန်တည်ဆောက်ကြမလဲ…"ဆိုတာပါပဲ။ ။

# အမေရိကန် - ဗြိတိန်မဟာမိတ်အဖွဲ့က ယီမင်ဆိပ်ကမ်းမြို့ကို လေကြောင်းတိုက်ခိုက်မှုများပြုလုပ်

ဆာနား ဖေဖော်ဝါရီ ၂၇

**အမေရိကန်-ဗြိတိန်မဟာမိတ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက်တွင် ယီမင်နိုင်ငံ၏ ဆိပ်ကမ်းမြို့ ဟိုဒေးဒါကို လေကြောင်းတိုက်ခိုက်မှု ငါးကြိမ် ပြုလုပ်ခဲ့ကြောင်း ဟူသီပိုင် အယ်-မာစီရာရုပ်သံလိုင်းက ဖော်ပြခဲ့သည်။**

အဆိုပါ တိုက်ခိုက်မှုကြောင့် မြို့တော်၏ အနောက်မြောက်ဘက် အယ်ဆာလစ်ဖ်ခရိုင်ရှိ ရက်စ်အစ်ဆာဒေသသို့ ဒုံးကျည်များ ကျရောက်ထိမှန်ခဲ့ကြောင်း၊ လက်ရှိအချိန်အထိ သေဆုံးမှုနှင့် ပတ်သက်ပြီး အစီရင်ခံဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုများကြောင့် စစ်ဘက် အခြေစိုက်စခန်းတစ်ခုကို ထိမှန်ခဲ့ကြောင်း ဒေသခံများက ပြောသည်။ လက်နက်ကိုင်ဟူသီအဖွဲ့သည် အစ္စရေး၏ ထိုးစစ်ဆင်တိုက်ခိုက်မှုခံနေရသော ဂါဇာကမ်းမြောင်ရှိ ပါလက်စတိုင်းများနှင့် စည်းလုံးညီညွတ်ကြောင်းပြသကာ ပြီးခဲ့သည့် နိုဝင်ဘာလ နောက်ပိုင်း ပင်လယ်နီနှင့် အေဒင်ပင်လယ်ကွေ့တို့ကို ဖြတ်သန်းသွားလာနေသည့် ကုန်တင်သင်္ဘောများကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု လုပ်ဆောင်လျက်ရှိသည်။

အမေရိကန်နှင့် ဗြိတိန်မဟာမိတ်အဖွဲ့ကလည်း နိုင်ငံတကာရေကြောင်းကုန်သွယ်မှု လွတ်လပ်စွာ သွားလာနိုင်ရေးအတွက် ဟူသီရှေ့လျားဒုံးပစ်လောင်ချာများနှင့် အသေခံဒရုန်းများကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှု ဒါဇင်ချီ ပြုလုပ်ခဲ့သည်။



လက်နက်ကိုင်ဟူသီအဖွဲ့သည် ၂၀၁၄ ခုနှစ် နှောင်းပိုင်း၌ ယီမင်ပြည်တွင်းစစ်ဖြစ်ပွားပြီးကတည်းက ယီမင်နိုင်ငံ မြောက်ပိုင်းဒေသအများအပြားကို ထိန်းချုပ်ထားကြောင်း သိရသည်။ ဆင်ဟွာ


# ဂြိုဟ်တုမှ ရိုက်ယူထားသော Nova-C လဆင်းယာဉ်၏ပုံရိပ်များ နာဆာထုတ်ပြန်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၇**

အမေရိကန် အာကာသအေဂျင်စီ နာဆာသည် လကိုလှည့်ပတ်နေသော ဂြိုဟ်တုတစ်စင်းမှ ရိုက်ယူထားသော Nova-C လဆင်းယာဉ်၏ ပုံရိပ်များကို ထုတ်ပြန်ခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

Intuitive machines အာကာသဆိုင်ရာကုမ္ပဏီမှ တီထွင်ထုတ်လုပ်သော လဆင်းယာဉ်သည် ပြီးခဲ့သည့် သီတင်းပတ်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ၎င်းသည် လပေါ်သို့ မောင်းသူမဲ့ယာဉ် ဆင်းသက်နိုင်သည့် ပထမဆုံး ပုဂ္ဂလိကကုမ္ပဏီ ဖြစ်လာခဲ့သည်။

အဆိုပါ ဓာတ်ပုံများမှာ လမျက်နှာပြင်မှ ၉၀ ကီလိုမီတာခန့်အကွာတွင် လှည့်ပတ်နေသည့် နာဆာဂြိုဟ်တုမှ ရိုက်ယူရရှိထားသော ပုံများ ဖြစ်သည်။ တောင်ဝင်ရိုးစွန်း၏ သတ်မှတ်ထားသော ဧရိယာတွင် Nova-C ဆင်းသက်ခြင်း မပြုမီနှင့် ဆင်းသက်ပြီးနောက် ဓာတ်ပုံများကို နှိုင်းယှဉ်ကာ အတည်ပြုကြောင်း နာဆာက ပြောသည်။




ဓာတ်ပုံများတွင် သေးငယ်သော အဖြူရောင်အစက်ကိုသာ မြင်တွေ့ရသည်။ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှ ပုဂ္ဂလိကကုမ္ပဏီများသည် လာမည့်နှစ်နှောင်းပိုင်းတွင် လဆင်းယာဉ်များ လွှတ်တင်ရန် စီစဉ်နေသောကြောင့် လကမ္ဘာစူးစမ်းလေ့လာမှုအကြား ပြိုင်ဆိုင်မှုများ မြင့်တက်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

# ဘာကီနာဖာဆို၌ ဘာသာရေးအဆောက်အအုံတစ်ခု တိုက်ခိုက်မှုအတွင်း ၁၄ ဦးထက်မနည်း သေဆုံး

ဝါဂါဒူဂူ ဖေဖော်ဝါရီ ၂၇

ဖေဖော်ဝါရီ ၂၅ ရက်က ဘာကီနာဖာဆိုနိုင်ငံ အရှေ့ပိုင်းရှိ ဘာသာရေးအဆောက်အအုံတစ်ခုကို တိုက်ခိုက်မှုအတွင်း ဘာသာရေးဝတ်ပြုဆုတောင်းသူ ၁၄ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဘာကီနာအစ္စလာမ်အသင်းအဖွဲ့ချုပ်က ဖေဖော်ဝါရီ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဝတ်ပြုဆုတောင်းသူ ၁၄ ဦးထက်မနည်းမှာ ဘာကီနာဖာဆိုနိုင်ငံ အရှေ့ပိုင်း နာတီယာဘိုအာနီရှိ ဘာသာရေးအဆောက်အအုံတစ်ခုကို တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့ထဲမှ နှစ်ဦးမှာ ဆေးရုံတွင် သေဆုံးခြင်းဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၅ နာရီဝန်းကျင်တွင် နာတီယာဘိုအာနီရှိ ဘာသာရေးအဆောက်အအုံတစ်ခုကို လက်နက်ကိုင်များက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၆ ရက်တွင် လုံခြုံရေးရင်းမြစ်တစ်ခုက ပြောသည်။

ယင်းနေ့တွင် ဘာကီနာဖာဆိုမြောက်ပိုင်း ဆာဟဲလ်ဒေသရှိ ကက်သလစ်ဘုရားကျောင်းတိုက်ခိုက်မှုတွင်လည်း ၁၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# လက်ဘနွန်တောင်ပိုင်းသို့ အစ္စရေးက လေကြောင်း တိုက်ခိုက်မှုပြုလုပ်၊ သုံးဦးသေဆုံးပြီး လေးဦး ဒဏ်ရာရ

**ဘေရွတ် ဖေဖော်ဝါရီ ၂၇**

အစ္စရေးစစ်လေယာဉ်များသည် ဖေဖော်ဝါရီ ၂၇ ရက်က လက်ဘနွန်နိုင်ငံ တောင်ပိုင်းရှိ ကျေးရွာတစ်ရွာသို့ လေကြောင်းတိုက်ခိုက်မှု သုံးကြိမ် ပြုလုပ်ခဲ့မှုကြောင့် ဟစ်ဇ်ဘိုလာတစ်ဦးနှင့် ပါလက်စတိုင်းအစ္စလာမ္မစ်ဂျီဟတ်၏ al-Quds တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း၊ အခြားအရပ်သား လေးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း လက်ဘနွန်စစ်ဘက်ရင်းမြစ်များက ပြောသည်။

နယ်စပ်ဒေသမှ အီတာ အယ်ရှာဘတ်ကျေးရွာကို ဖေဖော်ဝါရီ ၂၇ ရက် အရုဏ်တက်ချိန်တွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသော သတင်းရင်းမြစ်က ပြောသည်။ အရပ်ဘက် ကာကွယ်ရေးနှင့် အစ္စလာမ္မစ်ကျန်းမာရေးအာဏာပိုင်တို့မှ ကယ်ဆယ်ရေးလုပ်သားများသည် မြေထိုးစက်များ၊ ဝန်ချီစက်များကို အသုံးပြုကာ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းခဲ့ကြောင်းနှင့် သေဆုံးထိခိုက်ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက် နောက်ပိုင်းတွင် ဟစ်ဇ်ဘိုလာတို့သည် ဟားမားစ်တို့နှင့် စည်းလုံးညီညွတ်ကြောင်း ပြသကာ အစ္စရေးသို့ ဒုံးကျည်အများအပြား ပစ်လွှတ်တိုက်ခိုက်ခဲ့ကာ နယ်စပ်ဒေသတင်းမာမှုမြင့်တက်လာခြင်း ဖြစ်သည်။

တိုက်ပွဲဖြစ်ပွားမှုကြောင့် ဟစ်ဇ်ဘိုလာ ၂၁၆ ဦးနှင့် အရပ်သား ၅၉ ဦး အပါအဝင် လက်ဘနွန်ဘက်ခြမ်းတွင် ၃၂၀ သေဆုံးကြောင်း လက်ဘနွန်လုံခြုံရေးသတင်းရင်းမြစ်များက ပြောသည်။ **ဆင်ဟွာ**

# လာအိုနိုင်ငံမှ လေအားလျှပ်စစ်ဓာတ်အား ၄၁၅၀ မဂ္ဂါဝပ် ဗီယက်နမ်သို့ ရောင်းချရန် စီစဉ်နေ

**ဗီယင်ကျန်း ဖေဖော်ဝါရီ ၂၇**

လာအို လေအားလျှပ်စစ်စက်ရုံ ခုနစ်ရုံမှ ဗီယက်နမ်နိုင်ငံသို့ လျှပ်စစ်ဓာတ်အား စုစုပေါင်း ၄၁၅၀ မဂ္ဂါဝပ် ရောင်းချရန် စီစဉ်နေကြောင်း ဗီယက်နမ်လျှပ်စစ်(အီဗွီအင်န်)ကို ကိုးကား၍ ဒေသတွင်း အွန်လိုင်းသတင်းစာ VnExpress က ဖေဖော်ဝါရီ ၂၇ ရက်တွင် ဖော်ပြထားသည်။

ဖ၈၂ မဂ္ဂါဝပ်ကို ၂၀၂၅ ခုနှစ် မတိုင်မီ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ကျန်ရှိမှုကို နောက်ပိုင်းတွင် အဆင့်လိုက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ အစိုးရအချင်းချင်း သဘောတူချက်များအရ ၂၀၁၆ ခုနှစ်မှစ၍ ဗီယက်နမ်နိုင်ငံသည် လာအိုနိုင်ငံမှ စွမ်းအင် တင်သွင်းနေရပြီး အထူးသဖြင့် ရေအားလျှပ်စစ်ကို အဓိကထား တင်သွင်းနေရကြောင်း မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ **ဆင်ဟွာ**



# ကာဂျစ္စတန်အရှေ့ပိုင်း၌ နှင်းထုပြိုကျမှုကြောင့် ချက်ဇ်နှင်းလျှောစီးသမား လေးဦးသေဆုံး

**ဘီရှကက် ဖေဖော်ဝါရီ ၂၇**

ကာဂျစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် နှင်းထုပြိုကျမှုကြောင့် ချက်ဇ်နှင်းလျှောစီးသမား လေးဦး သေဆုံးကြောင်း ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြုလုပ်သော ကာဂျစ္စတန် အရေးပေါ်အခြေအနေဆိုင်ရာ ဝန်ကြီးဌာနက ပြောသည်။

အဆိုပါ မတော်တဆမှုဖြစ်ရပ်မှာ ကာဂျစ္စတန်နိုင်ငံ အီဆိုက်ကူးလ်ဒေသရှိ ဂျော်ဂါလန်တောင်ကြား၌ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ချက်ဇ်သမ္မတနှင့် စလိုဗက်ကီးယားနိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည် ၂၃ ဦးတို့မှာ နှင်းလျှောစီးရန်အတွက် ဂျော်ဂါလန်တောင်ကြားသို့ ရောက်ရှိလာကြသူများဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

**ဆင်ဟွာ**

# ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီများအား ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရန် စုဆောင်းနေသည်ဟူသော သတင်းများ လုံးဝမှန်ကန်မှုမရှိကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူပြောကြား

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရခိုင်ပြည်နယ်တွင်ရှိသော ဘင်္ဂါလီများအား စစ်မှုထမ်းရန် SAC က စာရင်းကောက်ယူနေသည်ဆိုသော သတင်းမှာ လုံးဝမှန်ကန်မှုမရှိဘဲ လုပ်ကြံဖန်တီးရေးသားထားခြင်းသာဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဘင်္ဂလားဒေ့ရှ်မီဒီယာတစ်ခုဖြစ်သည့် The Business Standard ၏ ဝက်ဘ်ဆိုက်သတင်းတစ်ခုတွင် မြန်မာအစိုးရက ဒုက္ခသည်စခန်းများရှိ အကန့်အသတ်ခံထားရသည့် ဘင်္ဂါလီများကို လွတ်လပ်စွာသွားလာခွင့်ပေးမည်ဟု ကမ်းလှမ်းပြီး စစ်မှုထမ်းစေရန် လုပ်ဆောင်နေသည်ဟု သတင်းရေးသားထားခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်သတင်းဌာနအချို့က တရားမဝင်မြန်မာမီဒီယာအချို့၏ ရေးသားချက်ကို ကိုးကား၍ ရေးသားနေကြခြင်းဖြစ်ကြောင်းနှင့် RFA ၏ အခြေအမြစ်မရှိသောသတင်းကို ကိုးကားရေးသားခြင်းဖြစ်ကြောင်းလည်း သိရသည်။

"အဲဒီလိုမျိုး မရှိပါဘူး။ ဘင်္ဂါလီတွေက နိုင်ငံသားလည်းမဟုတ်ဘူး။ ပြီးတော့ စစ်မှုထမ်းဥပဒေကလည်း အခုအချိန်ထိ တိုင်းဒေသကြီး၊ ပြည်နယ်၊ ဦးစီးအဖွဲ့တွေပဲ ဖွဲ့ရသေးတယ်။ ခရိုင်၊ မြို့နယ်၊ ရပ်ကျေး စတဲ့အဖွဲ့တွေ အများကြီးဖွဲ့ရဦးမှာ။ နည်းဥပဒေလည်း ထုတ်ပြန်ရဦးမှာ။ အဲဒါတွေလုပ်ရဦးမှာဆိုတော့ အခုထွက်နေတဲ့ သတင်းတွေက မဟုတ်ပါဘူး။ ဒီမှာတော့ အဲဒီလိုတွေမရှိဘူး"ဟု ၎င်းကပြောသည်။

ဘင်္ဂလားဒေ့ရှ်အခြေစိုက် ဒါကာထရီဗျူးသတင်းဌာနက "နယ်စပ်ဒေသရှိ ထောင်နှင့်ချီသော ဘင်္ဂါလီဒုက္ခသည်များအား လက်ရှိဖြစ်ပွားနေသော တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ရန် ခေါ်ဆောင်သွားသည် "ဟု အတည်မပြုနိုင်သေးသော သတင်းများ ထွက်ပေါ်နေကြောင်းလည်း မဟုတ်မမှန် ရေးသားဖော်ပြထားသည်။

တရားမဝင်မီဒီယာများက ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်ကြောင်း ကြေညာပြီးသည့်နောက်ပိုင်းတွင် ပြည်သူများနှင့်ဒေသခံများ စိုးရိမ်ပူပန်မှုကြီးထွားစေရန်အတွက် မဟုတ်မမှန်သတင်းများကို အမျိုးမျိုးလုပ်ကြံရေးသားခဲ့ပြီးနောက် ယခုသတင်းတုကိုလည်း ပုံစံတစ်မျိုးဖြင့် ထုတ်လွှင့်လာကြခြင်းဖြစ်ကြောင်း ရန်ကုန်အခြေစိုက်မီဒီယာစောင့်ကြည့်လေ့လာသူတစ်ဦးက ပြောကြားသည်။

**မျိုးခိုင်**

## မန္တလေးမြို့၌ လူငယ် ၁၅ ဦးခန့် ညှော်စာရင်းအကြောင်းပြ ဖမ်းဆီးခံရဆိုသည့်သတင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ကောလာဟလသတင်းများအား မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ







**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်တွင် ဖေဖော်ဝါရီ ၂၅ ရက်က လူငယ် ၁၅ ဦးထက်မနည်းကို လုံခြုံရေး ပူးပေါင်းအဖွဲ့များက ညှော်စာရင်းအကြောင်းပြ ဖမ်းဆီးသွားသည်ဟု အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာ တစ်ခုဖြစ်သည့် RFA မှ မဟုတ်မမှန် ကောလာဟလသတင်းများကို လွှင့်ဆော်ဝါဒဖြန့်ချိလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် လုံခြုံရေးအဖွဲ့များသည် အဆိုပါရပ်ကွက်အတွင်း၌ ညှော်စာရင်းစစ်ဆေးခြင်း၊ လူငယ်များကို ဝင်ရောက်ဖမ်းဆီးခြင်းများမရှိကြောင်းနှင့် ဖမ်းမိသူများကို ငွေနှင့် ပြန်ရွေးခိုင်းသည်ဆိုသည်မှာလည်း သတင်းအမှားသာဖြစ်ကြောင်း သိရှိရသည်။

အလားတူ တက္ကသိုလ်ကျောင်းသားများ စစ်မှုထမ်းဆောင်ကြရန် တပ်မတော်က လိုက်လံစည်းရုံး သိမ်းသွင်းကာ အစိုးရထောက်ပံ့ကြေး ယူထားသည့် ကျောင်းသားများအား ဖိအားပေးနေသည်ဟု ကောလာဟလသတင်းများကို ခေတ်သစ်မီဒီယာက လူမှုကွန်ရက်ပေါ်တွင် ရေးသားလွှင့်ဆော်လျက်ရှိသည်ကို တွေ့ရှိရပြီး အဆိုပါသတင်းများနှင့်ပတ်သက်၍ နိုင်ငံပိုင်မီဒီယာများမှလည်း သတင်းမှန်များ၊ ထုတ်ပြန်ချက်များကို အခါအားလျော်စွာ ထုတ်ပြန်ပြောကြားပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်၍ အများပြည်သူသိရှိနားလည်စေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်ကို ပြည်ဖျက်မီဒီယာများက လူငယ်လူရွယ်များနှင့် မိဘပြည်သူများ စိုးရိမ်ထိတ်လန့်လာစေရန် ရည်ရွယ်ချက်ဖြင့် အခြေအမြစ်မရှိသော ကောလာဟလ သတင်းများကို နည်းလမ်းမျိုးစုံသုံးကာ လွှင့်ဆော်ဝါဒ ဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စေတုတ္တရာမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အရပ်သားနေအိမ်များကို ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် လုံးကြီးကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၅ ရက်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးများဖြင့် ပစ်ခတ်၍ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများက စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေကြောင်း ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် လုံးကြီးကျေးရွာရှိ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ်များတွင် သဲအိတ်ဘန်ကာများ၊ ပစ်ကျင်းများဖြင့် ခံစစ်ဆင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျေးရွာအတွင်းမှ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ဆုတ်ခွာရာ လမ်းတစ်လျှောက်ရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် မီးလောင် ပျက်စီးခဲ့ရကြောင်း သိရှိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဒေသခံ ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေးမီဒီယာများက ကောလာဟလသတင်းများဖြင့် သွေးထိုးလှုံ့ဆော်ပြီး နယ်မြေတည်ငြိမ်မှု ပျက်ပြားစေရန်အတွက် လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကော့ကရိတ်မြို့အတွင်းရှိ ပြည်သူပိုင်နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ပြီး ဒရုန်းဖြင့်ဗုံးကြဲမှုကြောင့် နေအိမ်အများအပြားပျက်စီးခဲ့ကြောင်း ကောလာဟလသတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်း နှစ်ဖက်ထိတွေ့တိုက်ပွဲများကြောင့် ခေတ္တတိမ်းရှောင်နေသည့် ဒေသခံပြည်သူများ၏ ပြည်သူပိုင်နေအိမ်များမှ တန်ဖိုးရှိပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ယူဆောင်သွားခြင်း၊ နေအိမ်များကို မီးရှို့ခြင်း၊ ဒရုန်းဖြင့်ဗုံးကြဲခြင်းများကြောင့် နေအိမ်အများအပြား ပျက်စီးခဲ့ရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်ပေါ်တွင် သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ ကော့ကရိတ်မြို့အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူပိုင်နေအိမ်များမှ တန်ဖိုးရှိပစ္စည်းများကို ယူဆောင်ခြင်း၊ နေအိမ်များ မီးရှို့ဖျက်ဆီးနေသည့် သတင်းများမှာ မှန်ကန်မှုမရှိကြောင်းနှင့် ကော့ကရိတ်မြို့မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကော့ကရိတ်မြို့နယ်အတွင်း အကြမ်းဖက်သမားများ ဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရန်အတွက် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခြင်းများကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုများရှိကြောင်းနှင့် နေအိမ်အချို့ မီးလောင် ပျက်စီးခဲ့ရကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူများအား သတင်းအမှန်များ အချိန်နှင့်တစ်ပြေးညီသိရှိစေရန် ရေးသားထုတ်လွှင့်ခြင်းမရှိဘဲ သတင်းတု၊ သတင်းအမှားများဖြင့်သာ သတင်းအဆိပ်ခတ်လျက်ရှိပြီး နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် တစ်ဖက်သတ်စွပ်စွဲရေးသားချက်များကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မင်းလှမြို့နယ်၌ ဂေါ်ဒန်ကျောက်များ စီးပွားဖြစ်ထုတ်ယူနိုင်ရေး ကွင်းဆင်းလေ့လာ

**အထက်မင်းလှ ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားချက်အရ မင်းလှမြို့နယ်အတွင်းမှ စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုမည့် ဂေါ်ဒန်ကျောက်များကို စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် ယမန်နေ့ နံနက်ပိုင်းက ကျွမ်းကျင်ပညာရှင်အဖွဲ့များ လာရောက်ကွင်းဆင်းလေ့လာကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မကွေးတက္ကသိုလ် ဘူမိဗေဒဌာနပါမောက္ခ ဒေါက်တာပြေစိုးသိမ်း၊ တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာနမှူး ဦးဝင်းကျော်၊ မင်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များသည် ကွင်းဆင်းစစ်ဆေးတူးဖော်ထားသော ဂေါ်ဒန်ကျောက်နမူနာများ စုဆောင်းရယူပြီး ဓာတ်ခွဲစမ်းသပ်စစ်ဆေးဆောင်ရွက်မည်ဖြစ်သည်။

ဓာတ်ခွဲ စမ်းသပ်စစ်ဆေးမှုအောင်မြင်ပါက မင်းလှမြို့နယ်မှ ဂေါ်ဒန်ကျောက်များကို စီးပွားဖြစ်ထုတ်ယူနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **ဇာဇာ (အထက်မင်းလှ)**

တောင်သူလယ်သမားနေ့အကြိုဂုဏ်ပြုဆောင်းပါး

# စိုက်ပျိုးရေဖူလုံမှုမှသည် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး ဝိုင်းဝန်းဆောင်ရွက်

**ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များသည် မြန်မာနိုင်ငံတွင်လည်း သက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိရာ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များနှင့် လိုက်လျောညီထွေရှိသည့်စိုက်ပျိုးရေးကဏ္ဍ ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်လျက်ရှိနေပါသည်။**

ဝင်းကို-ဆည်ရေ



သဖန်းဆိပ်ရေလှောင်တမံကို တွေ့ရစဉ်။

မိုးခေါင်ခြင်း၊ မိုးရွာသွန်းမှု အပြောင်းအလဲများခြင်းစသည့် လွန်ကဲသော ရာသီဥတုဖြစ်ရပ်များကြောင့် စိုက်ပျိုးရေမလုံလောက်မှုပြဿနာနှင့် ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရမှုကို ကျော်လွှားနိုင်ရန်၊ သီးနှံများအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် အဓိကအရေးပါသည့် အချက်တစ်ခုဖြစ်သော စိုက်ပျိုးရေ လုံလောက်စွာရရှိရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဖြစ်စေရန် စိုက်ပျိုးရေရရှိရေးလုပ်ငန်း၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**စိုက်ပျိုးရေရရှိရေး ဆောင်ရွက်မှု**

နိုင်ငံတစ်ဝန်းရှိ မြေပေါ်မြေအောက် ရေအရင်းအမြစ်များကို ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ရေအားအဆောက်အအုံများကို တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရေလှောင်တမံပေါင်း ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခု၊ မြစ်ရေတင်လုပ်ငန်း ၂၁၉ ခု စုစုပေါင်း ရေအားအဆောက်အအုံ ၈၈၀ ခုတို့အား တည်ဆောက်ထိန်းသိမ်းထားရှိပြီး ဆက်စပ်ဆည်ရေသောက်စနစ်များကိုလည်း ထည့်သွင်းတည်ဆောက်ကာ ဆည်ရေသောက်ဧရိယာ ဧက ၃၁ သိန်းကျော်အား စိုက်ပျိုးရေပေးဝေလျက်ရှိသကဲ့သို့ ဆည်ရေသောက်ဧရိယာအတွင်း မပါဝင်သည့်ဒေသများ၌ မြေအောက်ရေကို အသုံးပြုစိုက်ပျိုးနိုင်ရန် စက်ရေတွင်း ၂၅၅၄ တွင်းကို တူးဖော်ထားရှိပြီး စိုက်ပျိုးမြေ ၂၅၄၁၀၅ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိပါသည်။

ဆည်၊ ကန်၊ တမံများမှ သိုလှောင်ရေများဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့်အပြင် အခြားရေရရှိနိုင်မည့် နည်းလမ်းမျိုးစုံဖြင့်လည်း စိုက်ပျိုးရေဖူလုံမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လတ်တလောအကျိုးပြုနိုင်မည့် လုပ်ငန်းများအနေဖြင့် မိုးတွင်းကာလ ရိုးငယ်၊ ချောင်းငယ်များမှ အလဟဿစီးဆင်းလျက်ရှိသည့် ရေများကို ယာယီချောင်းပိတ်တမံများပြုလုပ်၍ ရေကိုစုဆောင်းပြီး လျှပ်စစ်နှင့် ဆိုလာစနစ်များဖြင့် ရေတင်ပေးဝေကာ စိုက်ပျိုးမြေဧရိယာများ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ နွေကာလရေရှားပါးချိန်တွင် နွေသီးနှံစိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် တစ်နိုင်ငံလုံး၌ ဆည်၊ တမံများမှ သိုလှောင်ရေများအပြင် အခြားရေရရှိနိုင်သည့်နေရာများ၌ ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းများ နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ (၂၀၂၃-၂၀၂၄) ခုနှစ်တွင် တစ်နိုင်ငံလုံး၌ လုပ်ငန်းပေါင်း ၃၁၇ ခုကို ဆောင်ရွက်၍ နွေသီးနှံစိုက်ပျိုးဧရိယာ ၁၄၀၂၇၂ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများတွင် ရေချိုရရှိရေးအတွက် မြစ်ချောင်းများမှတစ်ဆင့် ရေချိုသွင်းမြောင်းများအား နှစ်စဉ်တူးဖော်ခြင်း၊ ရေချိုထိန်း ရေတံခါးများတည်ဆောက်ခြင်းဖြင့် သီးထပ်သီးနှံစိုက်ပျိုးကေတိုးချဲ့စိုက်ပျိုးနိုင်ပြီး ရေငန်ဝင်ရောက်မှုကို ကာကွယ်နိုင်ရန်အတွက် ရေငန်တားတာများနှင့် ရေတံခါးများ တည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

(၂၀၂၀-၂၀၂၁) ခုနှစ်၌ စိုက်ပျိုးရေပေးဝေနိုင်ခဲ့မှုအနေဖြင့် ဧက ၂၃ ဒသမ ၈၉ သိန်း ပေးဝေခဲ့ရာမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် စိုက်ပျိုးရေတိုးတက်ပေးဝေနိုင်ရေး စီမံဆောင်ရွက်ခဲ့မှုများအရ ယခု (၂၀၂၃-၂၀၂၄)ခုနှစ် နွေစပါးရာသီတွင် နွေစပါးနှင့် အခြားသီးနှံ စုစုပေါင်း ဧက ၃၈ ဒသမ ၄၇ သိန်းအထိ စိုက်ပျိုးရေတိုးတက်ပေးဝေလျက်ရှိပါသည်။

**ရေအသုံးချသူများအဖွဲ့**

တောင်သူများ စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေးအတွက် ဒေသမှ တည်ဆောက်ထိန်းသိမ်းထားသည့် ကျေးလက်ဆည်ငယ်/ ကန်ငယ်များ ထိန်းသိမ်းပြုပြင်ရာတွင် လိုအပ်သည့် နည်းပညာနှင့် စက်ယန္တရားများဖြင့် ကူညီဆောင်ရွက်လျက်ရှိပါသည်။ ဆည်ရေသောက်စနစ်များတွင် ရေစီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်မှုရှိစေရန်အတွက် ဆည်ရေသောက်တောင်သူများကို ရေအသုံးချသူများအဖွဲ့ (Water Users Group)အဖြစ် ဖွဲ့စည်း၍ ရေပေးဝေမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်စေလျက်ရှိပါသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလကုန်ထိ နိုင်ငံတစ်ဝန်း၌ ရေအသုံးချသူများအဖွဲ့ (WUG) ပေါင်း ၈၉၈၂ ဖွဲ့ကို တောင်သူဦးရေ ၂၂၈၇၉၉ ဦးဖြင့် ဖွဲ့စည်းထားရှိပါသည်။ WUG အဖွဲ့များ ပိုမိုအားကောင်းလာစေရန်နှင့် ရေပေးဝေမှုလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်လာစေရန် ရေအသုံးချသူများအသင်း (Water Users Association) အဖြစ် တိုးချဲ့ဖွဲ့စည်းပေးခဲ့ရာ WUA ၁၀ သင်းကို ဖွဲ့စည်းပြီးဖြစ်ပါသည်။

တောင်သူများအား အဆိုပါ WUG / WUA အသင်းအဖွဲ့များမှတစ်ဆင့် ရေစီမံခန့်ခွဲမှုဆိုင်ရာ အသိပညာများ ဖြန့်ဝေနိုင်ရန်အတွက် ရေစီမံခန့်ခွဲမှုသင်တန်းများ ပို့ချခြင်း၊ ခေတ်မီနည်းစနစ်များဖြင့် ရေပေးဝေမှုများအား သရုပ်ပြခြင်း၊ စံပြစိုက်ခင်းများသို့ လေ့လာရေးအစီအစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်စေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**ရေဘေးကာကွယ်ရေး ဆောင်ရွက်မှု**

မြစ်ချောင်းများအနီး မြစ်ဝှမ်းဒေသများနှင့် မြစ်ရေကြီးမှု ဖြစ်ပေါ်လေ့ရှိသော ဒေသများတွင် စိုက်ပျိုးမြေဧရိယာများအား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန် ရေဘေးကာကွယ်ရေးတာများကို တည်ဆောက်ထားရှိပါသည်။ ထို့ပြင် ပင်လယ်နှင့် ထိစပ်လျက်ရှိသော ဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် ရေငန်တားတာများကိုလည်း တည်ဆောက်ထားရှိပါသည်။ တစ်နိုင်ငံလုံးတွင် ရေဘေးကာကွယ်ရေးတာ ၁၀၂ ခု၊ အလျားမိုင် ၁၃၆၁ မိုင်ကိုလည်း တည်ဆောက်၍ စိုက်ပျိုးမြေဧရိယာဧက ၂၀ ဒသမ ၂၄ သိန်းကျော်ကို ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကာကွယ်ထားရှိပြီး ရေငန်တားတာ ၁၂၉ ခု၊ အလျားမိုင် ၁၂၃၃ မိုင်ကို တည်ဆောက်၍ စိုက်ပျိုးမြေဧရိယာ ခုနစ်သိန်းကျော်ကို ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်ထားရှိပါသည်။ ထို့ပြင် စိုက်ပျိုးမြေဧရိယာများတွင် ရေကြီးနစ်မြုပ်မှုမဖြစ်ပေါ်စေရန် ချောင်း/မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းကော/မြောင်းကောများ၊ ရိုးများနှင့် ရေနုတ်မြောင်းများကို နှစ်စဉ် တူးဖော်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ပင်လယ်နှင့် ထိစပ်လျက်ရှိသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် နွေစပါးနှင့် နွေသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းထိခိုက်မှုမရှိစေရေးအတွက် ရေငန်ဝင်ရောက်မှုတိုင်းတာခြင်းလုပ်ငန်းများကို ပင်လယ်ရေငန်ဝင်ရောက်မှုနှုန်းအများဆုံးဖြစ်သည့် မတ်လနှင့် ဧပြီလများ၏ ရေထရက်များတွင် တိုင်းတာဆောင်ရွက်လျက်ရှိပါသည်။ တိုင်းတာရရှိသည့် အချက်အလက်များအရ ရေငန်ဝင်ရောက်မှု အခြေအနေများကို တောင်သူများ သိရှိစေရန်အတွက် ဆိုင်းဘုတ်များစိုက်ထူ၍ အသိပေးခြင်းနှင့် တောင်သူတွေ့ဆုံပွဲများတွင် အသိပေးပြောကြားခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**စိုက်ပျိုးရေချွေတာသုံးစွဲ၍ စိုက်ဧကများ ပိုမိုတိုးတက်လာစေမည့် နည်းလမ်းများ**

ယခုနောက်ပိုင်းကာလများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်များ ရှားပါးလာပြီး စိုက်ပျိုးရေမလုံလောက်မှုများနှင့် ကြုံတွေ့နိုင်ခြေရှိလာသဖြင့် စိုက်ပျိုးရေရယူသုံးစွဲမှုကို သမားရိုးကျ နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းထက် စိုက်ပျိုးရေလျှော့နည်းသုံးစွဲနိုင်မည့် နည်းလမ်းများအား ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် စိုက်ဧကများ တိုးတက်လာစေရေး ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

တောင်သူများအနေဖြင့် ရေရရှိနိုင်မှု အခြေအနေများအပေါ်မူတည်၍ စိုက်ပျိုးသည့်သီးနှံနှင့် စိုက်ပျိုးနည်းစနစ်ပုံစံများကို ပြောင်းလဲစိုက်ပျိုးကြရန် လိုအပ်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေ ရယူသုံးစွဲရာတွင် မိမိတို့စိုက်ပျိုးသည့် သီးနှံ၏အနည်းဆုံး ရေလိုအပ်ချက်ပမာဏကိုသာ ထိထိရောက်ရောက် ရယူသုံးစွဲခြင်း၊ ရေလေလွင့်ဆုံးရှုံးမှုကို လျှော့ချ၍ အကျိုးရှိထိရောက်စွာသုံးစွဲခြင်း၊ ရေလိုအပ်ချက်နည်းပါးသည့် သီးနှံများကို ပြောင်းလဲစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ဒေသအလိုက်၊

*စာမျက်နှာ ၁၇ သို့*

> ❑ **ဆည်၊ ကန်၊ တမံများမှ သိုလှောင်ရေများဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့်အပြင် အခြားရေရရှိနိုင်မည့် နည်းလမ်းမျိုးစုံဖြင့်လည်း စိုက်ပျိုးရေဖူလုံမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လတ်တလော အကျိုးပြုနိုင်မည့် လုပ်ငန်းများအနေဖြင့် မိုးတွင်းကာလ ရိုးငယ်၊ ချောင်းငယ်များမှ အလဟဿစီးဆင်းလျက်ရှိသည့် ရေများကို ယာယီချောင်းပိတ်တမံများ ပြုလုပ်၍ ရေကိုစုဆောင်းပြီး လျှပ်စစ်နှင့် ဆိုလာစနစ်များဖြင့် ရေတင်ပေးဝေကာ စိုက်ပျိုးမြေဧရိယာများ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ**

## PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ကလေးတက္ကသိုလ်အတွင်းရှိ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကလေးတက္ကသိုလ်အတွင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဖေဖော်ဝါရီ ၂၆ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးရန် ကြိုးစားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီ သွားရောက်ကယ်တင်ခဲ့ရာ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၂၈၅ ဦးအား ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။

အဆိုပါ ကလေးတက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၈၅ ဦးတို့အား ယနေ့တွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကလေးမြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ် ခန်းမ၌ တွေ့ဆုံအားပေးစကား ပြောကြားပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံကာ မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဥတ္တရသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးရှင်းလင်း

**ဥတ္တရသီရိ ဖေဖော်ဝါရီ ၂၇**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ကျော်ကိုဝင်းက ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ အပိုင်းအခြား၊ စစ်မှုထမ်းဆောင်ရမည့်ကာလ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရမည့်သူများ၊ စစ်မှုထမ်းခြင်းမှ ရှောင်လွှဲပါက ကျသင့်မည့် ပြစ်ဒဏ်များအကြောင်းနှင့် မလိုလားအပ်သည့် မီဒီယာအချို့၏ ကောလာဟလ လုပ်ကြံသတင်းများကြောင့် စိုးရိမ်ကြောင့်ကြဖြစ်ရန် မလိုကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ပြန်/ဆက်)**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zwe Kyal Sin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ဇော်ထက်အား နံနက် ၁၁ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “Yoon Sandi Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ယွန်းစန္ဒီမောင်(ခ)ယွန်းမေအား မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “Po Po Htwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်နေ ပိုးပိုးထွေးအား ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**
နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*

ရေသောက်ရေိယာများအလိုက် သင့်တော်ထိရောက်သည့် ရေပေးဝေမှုစနစ်၊ ရေရယူအသုံးပြုမှုစနစ်များကို ရေပေးဝေသူများ၊ ရေအသုံးချသူတောင်သူများနှင့် စိုက်ပျိုးရေးပညာရှင်များအကြား ပူးပေါင်းညှိနှိုင်း၍ စိုက်ပျိုးရေလျှော့နည်းသုံးစွဲနိုင်ရေး (Reduce) အတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

စိုက်ပျိုးရေရှားပါးသော ဒေသများတွင် ရေနုတ်မြောင်းမှရေကို အသုံးပြုခြင်း (Reuse) သည် ရေအရင်းအမြစ် ဖြည့်တင်းရေးအတွက် အရေးကြီးသော ဗျူဟာတစ်ရပ်ဖြစ်သည်။ ထို့ပြင် ပြန်လည်အသုံးပြုခြင်းသည် ရေနုတ်မြောင်းတွင်စီးဆင်းသည့် ရေပမာဏကို လျှော့ချခြင်းဖြင့် ရေနုတ်မြောင်းပြဿနာများကို သက်သာစေနိုင်သည်။ ရေနုတ်မြောင်းများ၊ ရိုးချောင်းများတွင် မြေပြင်အနေအထားများအရ နွေရာသီရေရှားပါးကာလတွင် တစ်ဖက်ပိတ်ဆည်ငယ်များ ပြုလုပ်ခြင်း၊ ယာယီမြေသား တမံများ ပြုလုပ်ခြင်းတို့ဖြင့် ပိုလျှံရေများကို ပြန်လည်စုဆောင်း ရယူခြင်း၊ စုဆောင်းရရှိသည့်ရေများကို ရေစုပ်တင်၍ ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

တူးမြောင်းများနှင့် ရေအားအဆောက်အအုံများ၊ ရေနုတ်မြောင်းများနှင့် ရေယူပေါက်၊ ရေထွက်ပေါက်များအား စနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ပြုပြင်ခြင်း (Renovation) တို့ကို ပုံမှန်ဆောင်ရွက်ခြင်းဖြင့်လည်း စိုက်ပျိုးရေလေလွင့်ဆုံးရှုံးမှုမှ လျော့နည်းသက်သာစေမည် ဖြစ်ပါသည်။

စိုက်ပျိုးရေမလုံလောက်မှု ပြဿနာကိုကြုံတွင်မှန်းဆ၍ ဖြေရှင်းဆောင်ရွက်ကြရာတွင် နိုင်ငံတော်အပိုင်းမှ ကျခံဆောင်ရွက်ရသည့် လုပ်ငန်းများရှိသကဲ့သို့ ရေသုံးစွဲသူ တောင်သူများအနေဖြင့်လည်း ရေပေးမြောင်းနှင့် ရေယူအဆောက်အအုံများကို ဌာနဆိုင်ရာများနှင့်အတူ အချိန်မီပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ရေပေးဝေမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေသုံးစွဲသူတောင်သူ အစုအဖွဲ့များဖြင့် စိုက်ပျိုးရေကို စနစ်တကျ ရယူသုံးစွဲခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ထိုသို့ တောင်သူအစုအဖွဲ့များအဖြစ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စုပေါင်းဆောင်ရွက်သည့် အလေ့အထကောင်းများ ရရှိလာမည့်အပြင် စိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးတက်လာစေရန်အတွက် စီးပွားရေးတွက်ခြေကိုက်မည့်သီးနှံပုံစံများ ရွေးချယ်စိုက်ပျိုးလာနိုင်ခြင်း၊ စိုက်ပျိုးရေးထုတ်ကုန်များကိုလည်း တောင်သူအသင်း အစုအဖွဲ့များအနေဖြင့် ဈေးကွက်ရှာဖွေရောင်းချနိုင်ခြင်းတို့ကို ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် လယ်/ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားသိသာထင်ရှားစွာ ပြောင်းလဲတိုးတက်မှုများ ဖြစ်ထွန်းနိုင်စေရေးအတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အပြင် တောင်သူများ၏ စိုက်ပျိုးထုတ်ကုန်များ မြင့်မားတိုးတက်ရေးအတွက်လည်း ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ၂၀၂၄ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့အား ဂုဏ်ပြုသောအားဖြင့် တင်ပြလိုက်ရပါသည်။ ။



## တွံတေးမြို့၌ စာပေနှင့်သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဟောပြောဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး စာပေနှင့် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဟောပြောဆွေးနွေးပွဲကို တွံတေးမြို့ရှိ ဓမ္မလင်္ကာရ ပရိယတ္တိစာသင်တိုက်၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ ကြို့ပင်ကောက်)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ဦးနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ကြည်ညွန့်၊ တွံတေးမြို့ရှိ စာပေရေးရာများကို စိတ်ဝင်စားသည့် စာရေးဆရာ၊ သတင်းမီဒီယာသမားများ၊ ရဟန်းသံဃာများ၊ သီလရှင်များ၊ မြို့ခံစာပေပညာရှင်များ တက်ရောက်ကြသည်။

ဟောပြော ဆွေးနွေးပွဲတွင် ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ယနေ့လူငယ်များ အတွေးအခေါ် သိမြင်မှန်ကန်စေမည့် စာကောင်းပေမွန်များ ရေးသားနိုင်စေရေး၊ သတင်းတုသတင်းမှားများကို ပြည်သူများ ဆင်ခြင် သုံးသပ်နိုင်စေရေးနှင့် လတ်တလော ပေါ်ပေါက်နေသော ကောလာဟလ သတင်းများကို မယုံကြည်ကြစေရေး၊ နိုင်ငံတော်မှ အတည်ပြုထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများကိုလေးစားလိုက်နာကြစေရေးတို့ကို လည်းကောင်း၊ စာရေးဆရာ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)က လူငယ်များအတွက် အရေးပါသည့်အချိန်ကို တန်ဖိုးထားတတ်စေရန် အမိအဖ ဆရာသမားတို့၏ ကျေးဇူးကို သိရှိနားလည်တုံ့ပြန်တတ်စေရန် အတွက် လည်းကောင်း၊ ဦးအောင်ပြည့်စုံက နိုင်ငံတော်စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများ အသေးစိတ် သိရှိနားလည်အောင် ထပ်ဆင့်ရှင်းပြနိုင်စေရေး၊ နိုင်ငံသားတိုင်း နိုင်ငံချစ်စိတ်မြင့်မားရေးတို့ကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဥပဒေအား ထောက်ခံပွဲအခမ်းအနား မုံရွာမြို့ ကန်သာယာပြည်ထောင်စုကျွန်းရင်ပြင်၌ ကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၂၇**

**ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကန်သာယာပြည်ထောင်စုကျွန်းရင်ပြင်၌ ယနေ့ နံနက် ၈ နာရီက ကျင်းပရာ ကြိုဆိုထောက်ခံပွဲသို့ မုံရွာမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ စုစုပေါင်းပြည်သူအင်အား ၇၅၀ ခန့် တက်ရောက်သည်။**

အခမ်းအနားတွင် ပြည်သူ့စစ်မှုထမ်းဥပဒေ ကြိုဆိုထောက်ခံပွဲသို့တက်ရောက်လာကြသူများက တိုင်းဒေသကြီး ပြည်သူ့အားကစားကွင်း စုရပ်နေရာမှ ဗိုလ်ချုပ်လမ်းအတိုင်း စတင်ထွက်ခွာ၍ လမ်းလျှောက်ဆန္ဒထုတ်ဖော်ကြပြီးနောက် အရှေ့ဘက်ကန်သာကန်ရှိ ပြည်ထောင်စုကျွန်းရင်ပြင်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ထောက်ခံပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောကြသည်။

ဆက်လက်ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ အမျိုးသားတစ်ဦးက ထောက်ခံဆွေးနွေးပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲကို တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာနေ ပြည်သူလူထုများက "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိနေဖို့ စစ်ပညာကို သင်ကြစို့"၊ "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး စစ်ပညာတတ်မြောက်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပါသည်"၊ "ဒို့တာဝန်အရေး (၃) ပါး တည်တံ့ခိုင်မြဲဖို့ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံကြပါစို့" စသည့် ကြွေးကြော်သံ ပိုစတာဗီနိုင်းများကို ကိုင်ဆောင်ကြ၍ "ပြည်ထောင်စု မပြိုကွဲရေး(ဒို့အရေး)"၊ "တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး (ဒို့အရေး)"၊ "အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး (ဒို့အရေး)"၊ "ပြည်သူ့စစ်မှုထမ်းဥပဒေကို (ထောက်ခံပါသည်)" ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**



**အမှန်တကယ်ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ။
ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။**

## ကမ္ဘောဒီးယားဖိုက်တာ ပရွှန်းဆမ်နမ်းနှင့် ထွန်းထွန်းမင်းတို့ ယှဉ်ပြိုင်ထိုးသတ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့ရိုးရာလက်ဝှေ့ကျော် ရွှေခါးပတ်ချန်ပီယံ ပထမတန်းလက်ဝှေ့ကျော် ထွန်းထွန်းမင်းနှင့် ပြိုင်ဘက်ဟောင်းဖြစ်သူ ကမ္ဘောဒီးယားနိုင်ငံ၏ လက်ရှိချန်ပီယံ ပရွှန်းဆမ်နမ်းတို့ ဖေဖော်ဝါရီ ၂၉ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ခွန်ခမာရိုးရာလက်အိတ်စည်းမျဉ်းများအတိုင်း ခေါင်တွဲဆိုင်းအဖြစ် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပရွှန်းဆမ်နမ်းသည် ပြီးခဲ့သည့် ဆီးဂိမ်းတွင် ရိုးရာလက်ဝှေ့ကျော် ထွန်းထွန်းမင်းနှင့် ထိုးသတ်ခဲ့ပြီး အမှတ်ဖြင့် ထွန်းထွန်းမင်းအား အနိုင်ရခဲ့ကာ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ကျင်းပသည့် မြန်မာ့လက်ဝှေ့ကျော် ရွှေရာမာန်နှင့် ထိုးသတ်သည့်ပွဲစဉ်တွင်လည်း ရွှေရာမာန်အား အနိုင်ရရှိခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံကိုယ်စားပြု ကျော်စွာဝင်း နှင့် မွေထိုင်းထိပ်တန်းဖိုက်တာ ရွှန်းဆော်ဖွမ်းတို့လည်း ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို ANS,Town Full HD TV နှင့် ကမ္ဘောဒီးယားအားကစား Page များမှ တိုက်ရိုက် Live ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၆၅ ကျပ် | ၂၆၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၁၀ ကျပ် | ၂၆၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၇၀ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၈၅ ကျပ် | ၂၉၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၄၀၉ | ၃၄၃၅၆၀၀ |
| MTSH | ၂၉၀၀ | ၂၈၅၀ | ၅၆၉ | ၁၆၂၆၇၀၀ |
| MCB | ၇၆၀၀ | ၇၆၀၀ | ၂ | ၁၅၂၀၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၁၉ | ၂၈၇၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၀၀ | ၁၆၀၀ | ၄၅၇၀ | ၇၃၂၈၃၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၂ | ၃၅၀၀ |

## ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ထားဝယ်မြို့၊ ဇရစ်ရပ်၊ ဈေးတောင်ဘက်လမ်း၊ အမှတ်(၁၃၂-က)နေ ၆/ထဝန(နိုင်)၀၁၁၇၀၉ ဦးအောင်ထွန်းသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းမူပိုင်ရှင်ဖြစ်ပါသည်-

ရွှေရည်ပြည့်သျှံ
စိန်ရွှေရတနာဆိုင်

**(စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် - ၀၃၉/၂၀၂၄)**

ဖော်ပြပါ တံဆိပ်အမှတ်အသားဖြင့် မိမိဆိုင်မှ ရောင်းချသော စိန်၊ ပလက်တီနမ်၊ ရွှေထည်ပစ္စည်းများကို ထုတ်ပိုးသည့်အိတ်ငယ်များ၊ လက်ဆွဲအိတ်များပေါ်တွင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ ထားဝယ်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

ထို့ပြင် ယင်းလုပ်ငန်းနှင့် ဆက်နွှယ်ပတ်သက်သည့် ဆိုင်းဘုတ်၊ စာရွက်စာတမ်း၊ ကြော်ငြာ၊ ဘလောက်၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း အစရှိသည်တို့အပေါ်တွင် ဖော်ပြပါ **"ရွှေရည်ပြည့်သျှံ စိန်ရွှေရတနာဆိုင်"** တံဆိပ်အမည် အမှတ်အသားကို ရိုက်နှိပ်၍ မြန်မာပြည် အနှံ့အပြား ဖြန့်ချိသုံးစွဲသွားမည်ဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်ကို မှိုင်ငြမ်း၍ အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှား ပြုလုပ်ခြင်း စသည်တို့ကို မူပိုင်ရှင်ခွင့်မပြုဘဲ သုံးစွဲမည်ဆိုပါက ဥပဒေအကြောင်းအရ အရေးယူခြင်းခံရလိမ့်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**(ဦးအေးကြိုင်)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၉၉၆/၇-၁-၁၉၈၅)**
**အမှတ်(၄၃)၊ ရေးလမ်း၊ ဝဲကျွန်းထိန်သစ်ရပ်၊ ထားဝယ်မြို့။**

## ပတ်စ်ပို့ပျောက်

တောင်သာမြို့နယ်၊ ရုံးစည်ကြီးရွာ၊ ဘူတာရပ်ကွက်နေ ဦးမင်း-ဒေါ်ဒေါင်းရွှေ တို့၏သား ကျွန်တော် မောင်ကျော်ကျော်ဦး ၉/တသန(နိုင်) ၁၉၈၆၇၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MCO 38249)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၉၉၁၉၁၇၅

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၁၂-၂၀၂၃ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၅) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် ဦးမြင့်ဆွေ ၁၂/လသန(နိုင်)၀၀၁၁၀၃အစား ၁၂/လသန(ဧည့်)၀၀၁၁၀၃ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၃၈၊ ဦးပိုင်အမှတ် (၁၂)၊ ၅၄ လမ်း၊ ၄၂ x ၄၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်တင်ရွှေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၃၁၇/၂၀၀၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရန်ကျိန်ကြူ(ခ)အောလစ်(ဖ်) ၁၃/ကခန(နိုင်)၀၀၀၄၀၁ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၅၈၅/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မာရွှယ် ၁/ဗမန(နိုင်)၀၄၅၈၀၄ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ် ၈၄၃၊ ဦးပိုင်အမှတ်(၃၅)အနောက်ခြမ်းခဲစင်း/၄၃ လမ်း၊ ၈၀ x ၈၁ လမ်းကြားရှိ ဦးဘသန်း အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် ၁၄၃၇/၂၀၁၆ ဖြင့် အမွေဆက်ခံခဲ့ကြသော ဒေါ်ခင်မမကြီး ၉/ မရတ(နိုင်)၀၉၂၈၁၇၊ ဒေါ်တိုးတိုး ၉/မရတ(နိုင်)၀၂၈၂၈၂၊ ဦးအောင်သူ ၁/ မကတ(နိုင်)၀၄၆၄၆၆၊ ဒေါ်စန်းစန်းဝင်း ၉/မရတ(နိုင်)၁၀၆၈၄၃၊ ဒေါ်မြင့်မြင့်တင် ၉/မရတ(နိုင်)၀၂၈၂၉၆၊ ဦးကျော်နိုင်ဦး ၉/မရတ(နိုင်)၀၀၄၁၄၀ တို့ က ဘိုးဘ အမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ် ၁၅၁၊ ဦးပိုင်အမှတ်(၂၆-ဟ)/၊ ၂၀ x ၂၁ ကြား၊ ၈၃ x ၈၆ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးဝင်းဌေး ၅/တမန(နိုင်) ၀၃၀၃၂၈ က ဘိုးဘစာ အုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာ ဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ် ၄၁၅-SI ဦးပိုင်အမှတ် (၂၅-ဓ/၄)/၊ ၁၂ x ၁၄ကြား၊ ၈၇ x ၈၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီနီဦး ၉/မနမ(နိုင်)၀၄၁၂၅၄၊ ဒေါ်မူယာ ၉/မရတ(နိုင်) ၀၀၇၀၂၁၊ ဦးမင်းညိုလွင် ၉/မနမ(နိုင်)၀၄၁၀၅၂ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၆၈၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းနိုင် ၉/မနမ(နိုင်)၀၈၀၅၀၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ် ၅၅၊ ဦးပိုင်အမှတ် (၁၉-င)၊ ၈၂ x ရွှေတချောင်းကြား၊ ၁၃ x ၁၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရီရီ ၉/မနမ(နိုင်)၀၈၁၈၃၈၊ ဒေါ်ဝါဝါလှိုင် ၉/မနမ(နိုင်)၀၈၁၅၆၄၊ ဒေါ်ဝင်းဝင်းလှိုင် ၉/မနမ(နိုင်)၀၄၁၀၂၅၊ ဒေါ်မိုးမိုးလှိုင် ၉/မနမ(နိုင်)၀၀၆၆၉၉ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၁/၂၀၀၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းစံခမ်း ၁၃/မဆတ(နိုင်)၀၀၀၈၄၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မော်တော်ဆိုင်ကယ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ဆိုင်ကယ်အမှတ် ၆၃ယ/၂၆၅၁၁, Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဌေး ၉/လဝန(နိုင်) ၂၅၆၂၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(နေပြည်တော်ရုံး)**

## မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/71211, Honda Click-150 ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းကောင်း ၉/သစန(နိုင်)၂၀၆၇၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ အေးချမ်းသာယာရပ်ကွက်၊ အမှတ်(၃၃၈)၊ ဇီဇဝါလမ်းနေ ဦးကြည်လွင် ၇/ဝမန (နိုင်)၀၉၄၈၇၉ နှင့် ဒေါ်ဝင်းဝင်းညွန့် ၇/ဝမန (နိုင်)၀၀၂၅၈၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ သမီးဖြစ်သူ မမြသဉ္ဇာလင်း ၇/ဝမန(နိုင်)၁၈၆၆၇၃ သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများစိတ်ဆင်းရဲအောင်ပြုမူခြင်းကြောင့် သမီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန် ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**လွှဲအပ်ချက်ညွှန်ကြားချက်အရ-**
**ဦးဝင်းညွန့်အောင် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၄၇)**
**ဇီဇဝါလမ်း၊ အေးချမ်းသာယာရပ်ကွက်၊ ဝေါမြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ယဉ်တော်ကျေးရွာအုပ်စု၊ အကွက်အမှတ်/အမည်(၆၁၈/ကျွန်းသစ်)၊ ဦးပိုင်အမှတ် (၅၄/၁)၊ ဧရိယာ(၀.၈၁)ကေ အကျယ်အဝန်းရှိ ဒေါ်တင်တင်အောင် အမည်ပေါက်ပိုင်ဆိုင်သည့် ကိုင်းမြေအမျိုးအစား ပုံစံ(၇)မြေကွက်နှင့် အကွက်အမှတ်/အမည်(၆၀၈/ကျွန်းသစ်) ဦးပိုင်အမှတ်(၅၅/၁)၊ ဧရိယာ(၀.၇၁)ကေအကျယ်အဝန်းရှိ ဒေါ်ညွန့်သန်းအမည်ပေါက် ကိုင်းမြေအမျိုးအစား ပုံစံ(၇) မြေကွက်အပါအဝင် စုစုပေါင်းဧရိယာ(၁.၅၂)ကေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသည့် ဒေါ်သန္တာအောင်(ဘ)ဦးလေးအိုက် ၁၃/ကခန(နိုင်)၀၅၅၄၇၇ မှ အပြီးအပိုင်လက်ရောက် လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုပြောကြားခဲ့ရာ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ဆွေဇင်သက်(ဘ) ဦးစံတိုး ၁/မညန(နိုင်)၁၅၄၈၂၁ အနေဖြင့် အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပက်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏အမှုသည်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဆွေဇင်သက်** | **ဒေါ်နှင်းစုလှိုင်** |
| **၁/မညန(နိုင်)၁၅၄၈၂၁** | **LLB, Dip.In Business law** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၀၅)** |
| | **အမှတ်(စ-၁)၊ ၆၇(A) လမ်းနှင့် ၁၀၇ (D) လမ်းထောင့်၊ မြို့သစ်(၂)ရပ်ကွက်၊** |
| | **ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။** |
| | **ဖုန်း-၀၉-၇၉၈၆၁၄၉၄၈၊ ၀၉- ၄၀၇၁၁၀၇၂၇** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြင်းခြံခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၁

| | | |
|---|---|---|
| ၁။ ဒေါ်မြင့်မြင့် | နှင့် | ၁။ ဒေါ်မြင့်မြင့်သိန်း |
| ၂။ ဒေါ်တင်တင်အေး | | ၂။ ဦးဝင်းဇော်ငြိမ်း |
| ၃။ ဒေါ်ခေးခေး(ခ)ဒေါ်ပြုံးပြုံးထွေး | | ၃။ ဦးညွန့်ဝေ |
| ၄။ ဒေါ်ခင်မြဝင်း | | ၄။ ဒေါ်ခင်စန်းဦး |
| ၅။ ဦးကျော်သောင်း | | ၅။ ဦးမောင်မောင်(ခ) ဦးအောင်တိုး |

(၎င်းတို့၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်သီတာ(ခ)ဒေါ်မိဖုန်း)

**(တရားလိုများ)** **(တရားပြိုင်များ)**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်နေ (၂)တရားပြိုင် ဦးဝင်းဇော်ငြိမ်း နှင့် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း နေ (၃)တရားပြိုင် ဦးညွန့်ဝေ (စာပေထုတ်ဝေရေး)လုပ်ငန်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများမှ (၂၀-၇-၂၀၂၂)ရက်က တိုက်ဝါအဆောက်အအုံအား ဖြိုဖျက်ခဲ့ပြီးနောက် ထွက်ပေါ်လာသော အုတ်ကျိုး၊ အုတ်ပွဲ၊ အုတ်ပုံကြီးနှင့် အခြား အဖိုးတန်ပစ္စည်းများအား၊ လက်ရှိ တရားလိုများ၏ ခွင့်ပြုသဘောတူညီချက်မရရှိဘဲ ခိုးယူရွှေ့ပြောင်းသယ်ဆောင်စွန့်ပစ်ခဲ့သဖြင့် တရားပြိုင် (မြေပိုင်ရှင်) များထံမှ ထိခိုက်လျော်ကြေးငွေ ကျပ်သိန်း (၁၅၀၀၀)ရလိုမှုဖြင့် လျှောက်ထားစွဲဆို ချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၉ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဉာဏ်မိုးအောင်)**
**ခရိုင်တရားသူကြီး**
**မြင်းခြံခရိုင်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ စေတီကုန်းကျေးရွာအုပ်စု လယ်တီသစ်ရွာနေ (ဘ) ဦးခင်မောင်၏သား ဦးမြင့်ခိုင် ၇/ ကပက(နိုင်)၀၁၈၇၄၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၇-၁၉၇၃ ဖြစ်ပါကြောင်း။ **ဦးမြင့်ခိုင်**

## မွေးသက္ကရာဇ်မှန်

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာင်မြို့နယ်၊ ဈေးတန်းရပ်ကွက်နေ ဒေါ်စုစုဝင်း ၁၃/ရငန (နိုင်) ၀၃၀၉၉၀ ၏ မွေးသက္ကရာဇ် အမှန်မှာ (၂၁-၁၀-၁၉၈၂) ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/5835 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄/၂၊ ဦးပိုင်အမှတ်(၃၃၄)ခဲစင်း၊ ၃၂ x ၃၅ ကြား၊ ၅၈ x ၅၉ လမ်းကြားရှိ ဦးမောင်မောင်စိုး၊ ဒေါ်နန်းခင်သိန်းနွယ် အမည်ပေါက် ဂရန်မြေကွက်နှင့် ဦးပိုင်(၃၃၃-က)၊ခဲစင်းရှိ ဒေါ်နန်းခင်သိန်းနွယ် အမည်ပေါက် ဂရန်မြေကွက်တို့အား ဦးမောင်မောင်စိုး(ခ)ဦးမောင်စိုး ၁/ကမန(နိုင်)၀၁၃၉၀၄ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၅၅/၂၀၂၃ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းခင်သိန်းနွယ် ၁၃/နခန(နိုင်)၀၃၇၉၄၇ က ၎င်းကိုယ်တိုင်နှင့်အတူ ဂရန်စာချုပ်များ တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၂)ရပ်ကွက်၊ အကွက်အမှတ် န-၂၊ ဦးပိုင်အမှတ် (၃၀)၊ ၆၃ လမ်း၊ ၄၀ x ၄၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဝှမ်းယို ၁၃/ဟပတ(နိုင်)၀၀၈၈၂၅ က အမွေတွဲအမှတ် ၇၄၂၉/ ၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


7 ခံ
ဒင်္ဂုဆိပ်ကမ်း၊ အငှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
09-45 5050 900
09-33333 511


## ပြင်ဆင်ဖတ်ရှုပါရန်

(၂၃-၂-၂၀၂၄)ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၂၇)တွင် ပါရှိသော ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့် နေ့ရက်ကို လျှောက်ထားခံရသူသို့ အကြောင်းကြားစာမှ ချိန်းဆိုသည့် နေ့ရက်ကို လျှောက်ထားခံရသူသို့ အကြောင်းကြားစာအစား ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန်ချိန်းဆိုသည့် နေ့ရက်ကို လျှောက်ထားခံရသူသို့ အကြောင်းကြားစာဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/8078, Toyota Crown GRS 180, Saloon (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ကြည်သန့် ၇/ပခန(နိုင်)၂၉၆၄၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် ဒ-၁၀၊ဦးပိုင်အမှတ်(၁၇-ခ)၊ ၃၉x ၄၀လမ်း၊ ၆၄x၆၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအုန်းကျော် ၅/ခဥတ(နိုင်)၀၀၅၄၈၇၊ ဒေါ်ညွန့်ညွန့်တင် ၅/ခဥတ(နိုင်)၀၀၅၄၈၈ တို့က အမွေတွဲအမှတ် ၇၄၃၁/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၃၆၊ ဦးပိုင်အမှတ်(၄၅)၊၅၄x၅၅လမ်း၊ ၄၁x၄၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြမြအေး ၉/မရမ(နိုင်) ၀၄၅၆၆၈က အမွေတွဲအမှတ် ၇၄၄၀/ ၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/88392, Honda Scoopy-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထက်ဝေကျော် ၉/အမရ(နိုင်)၁၄၆၆၆၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၆၆၂၈၁, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟန်စုယဉ် ၉/ခအဇ(နိုင်)၀၃၂၂၁၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ် ပ-၆၊ ဦးပိုင်အမှတ်(၈၁)/၆၀x၆၁ကြား၊ ၄၂x၄၃လမ်းကြားရှိ ဒုတပ်ကြပ် တင်ရွှေ အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ် အမှတ်-(၃၀၈၅/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ခင်သက် ၉/မနမ(နိုင်)၀၆၉၆၁၄၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၄၄၁၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်အောင်ဖြိုး ၉/ခမစ(နိုင်)၀၂၁၉၉၇က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဘိုးဘပိုင်မြေအမည်ပြောင်း လျှောက်ထားကြောင်းကြေညာစာ

သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ် (၅၅)၊ မင်းလမ်းအကွက်၊ ဦးပိုင်အမှတ် (၁၀၂)၊ မြေရီယာ (၀.၁၈၄)ကေအနက်မှ (၀.၀၇၅)ကေရှိမြေကွက်အား အရှေ့ဘက် - ဆေးရုံလမ်း၊ အနောက်ဘက် - ဦးပိုင်အမှတ်(၁၀၇)၊ တောင်ဘက် -ဦးပိုင်အမှတ် (၁၀၃)၊ မြောက်ဘက်- ဘုန်းကြီးကျောင်းလမ်းရှိ မြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် ဦးရဲညီဇော်-ဒေါ်ဝင်းသန္တာနွယ်တို့မှ လျှောက်ထားလာသည့် အတွက် ဦးရဲညီဇော်-ဒေါ်ဝင်းသန္တာနွယ်တို့၏ အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ မတ်လ (၂၂) ရက်နေ့မတိုင်မီဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန၊ သထုံမြို့**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

ရပ်ကွက်(၆) တာမိုးညဲ၊ ကွတ်ခိုင်မြို့နယ်နေ မလော်ဟွေတီ ၁၃/ကခန(နိုင်)၁၂၆၅၂၆၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၄၅၄၅၇၃၂၉၉**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

ရပ်ကွက်(၆)၊ တာမိုးညဲ၊ ကွတ်ခိုင်မြို့နယ်နေ မလော်ဟွေဖုန် ၁၃/ကခန(နိုင်)၁၃၀၅၅၃ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၄၄၂၅၅၉၀၅၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ကက-၅၊ ဦးပိုင်အမှတ် (၅၆)၊ ၁၁၁.A လမ်း၊ ၅၅ x ၅၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မြင့်မာ၏ (SP ရရှိသူ ဦးဟိန်းထက်အောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၂၂၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန္ဒာအောင် ၉/မကန(နိုင်)၀၆၂၄၉၂ က အမှုတွဲအမှတ် ၇၄၃၃/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁)၊ ဦးပိုင်အမှတ်(၇၄)၊ ၇၂ x ၇၃ လမ်း၊ အောင်ဆန်း x ငကျွဲလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ဇော၊ ဒေါ်တိုးတို့၏ (SPရရှိသူ ဦးမြင့်ဝင်း)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၃၉၆၁/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ယုမူမူမြင့် ၉/ခမစ(နိုင်)၀၁၈၇၂၀ က အမှုတွဲအမှတ် ၇၄၃၉/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဗဗ-၃၊ ဦးပိုင်အမှတ် (၂၀)၊ ၁၁၁ဘီလမ်း၊ ၄၆ x ၄၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လှလှနိုင်၏(G.P ရရှိသူ ဒေါ်နန်းဦးမေ) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ်(၄၃၅၈/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းထွေးငယ် ၁၃/လရန(နိုင်)၁၀၀၅၈၂ က အမှုတွဲအမှတ် ၇၄၃၅/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်၊ အကွက်အမှတ် (၂၆၅)၊ ဦးပိုင်အမှတ် (၁၇.ခဲစင်း)၊ ၈၁ x ၈၂ လမ်း၊ ၃၀ x ၃၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဆယ်အီ၏ (S.P ရရှိသူ ဒေါ်နှင်းလဲ့နိုင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၅၂/၂၀၂၄) ဖြင့် ဝယ်ယူ ခဲ့သူ ဦးသိန်းနိုင်ဦး ၉/မရတ(နိုင်)၁၂၈၄၇၄-ဒေါ်လဲ့ယဉ်ဝင်း ၉/ခအဇ(နိုင်)၀၀၉၃၀၅ တို့က အမှုတွဲအမှတ် ၀၈၀၃/ဘ/ခွဲ/ပြောင်း) ၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ် န-၂၊ဦးပိုင်အမှတ်(၃၁)၊ ၆၃ လမ်း၊ ၄၀ x ၄၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဗုမ်းယို ၁၃/ဟပတ(နိုင်)၀၀၈၈၂၅ က အမှုတွဲအမှတ် ၇၄၃၀/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၃၃၊ ဦးပိုင်အမှတ် (၈၄)၊ ၄၂ x ၅၆ လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းအောင်၏ (S.P ရရှိသူ ဒေါ်နီကီး(ခ)ဒေါ်ကြည်ကြည်စိန်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၀၇၃/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တူး ၅/မမတ(နိုင်)၀၄၅၆၉၉၊ ဒေါ်ရွှေခင် (ခ) ဒေါ်ခင်သန်းဌေး ၅/မမတ(နိုင်)၀၀၂၄၉၅ တို့က အမှုတွဲအမှတ် ၇၄၂၈/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သစ်တောဦးစီးဌာန၊ပဲခူးခရိုင်မှ ပုံစံ(၈)ဝင် ကျွန်းတံခါး/ပါကေး/ မီးသွေးနှင့် ဆက်စပ်ပစ္စည်းများအား လေလံတင်ရောင်းချမည့်ကြော်ငြာ

သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ် သစ်တောဦးစီးဌာနရှိ ဖမ်းဆီးရမိ ပုံစံ(၈)ဝင် ကျွန်းတံခါး/ပါကေး (၆၆၂) ချပ်/ချောင်း (၆.၉၄၆၇)တန်၊ ပေါင်(၉၀)ဝင်မီးသွေး (၁၀၇၃)အိတ် (၃၄၃.၅၂) တန်၊ အင်ဂျင်နှင့် ဆက်စပ်ပစ္စည်း(၆)မျိုး (၆)ခုတို့ကို အောက်ဖော်ပြပါ အတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

လေလံလျှောက်လွှာတို့အား (၁-၃-၂၀၂၄) ရက် နောက်ဆုံးထား၍ သစ်တောဦးစီးဌာန၊ ပဲခူးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် လျှောက်ထားနိုင်ပါသည်။

| | | |
|---|---|---|
| **ကျင်းပမည့်နေ့ရက်** | - | ၅-၃-၂၀၂၄ ရက် (အင်္ဂါနေ့) |
| **ကျင်းပမည့်နေရာ** | - | သစ်တောဦးစီးဌာန၊ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဥဿာသစ်တောပျိုးဥယျာဉ် |
| **ကျင်းပမည့်အချိန်** | - | နံနက်(၁၀:၀၀) နာရီ |

အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန Websiteဖြစ်သော http://forestdepartment.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ လက်ကိုင်ဖုန်းနံပါတ်-09-250119211, 09-796644482, 09-451400971 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ တရော်ကုန်းရပ်ကွက်၊ အကွက်အမှတ် (၄/တရော်ကုန်း)၊ ဦးပိုင်အမှတ်(၁၈၃)၊ ဧရိယာ (၀ ဒသမ ၀၇၀)ကေရှိ ဘိုးဘပိုင်မြေသည် အောင်လံမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဦးစောလှိုင် ပါ(၂)ဦးတို့ အမည်ပေါက်အိမ်မြေကွက်ဖြစ်ပြီး ၎င်းအမည်ပေါက် အိမ်မြေကွက်အား (၁-၂-၂၀၂၄)ရက်စွဲပါ အပိုင်ပေးစာချုပ်အမှတ် (၅/၂၀၂၄) အရ ဦးတင့်လွင်မှ ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ရက်(၃၀) အတွင်း စာရွက်စာတမ်း မူရင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဦးစီးဌာနမှူး**
**အောင်လံမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

## ကြော်ငြာစာ

